# မှန်

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


သူတော် သူမြတ် သူကောင်းသည်
ကိုယ့်အတွက်ပင် ဖြစ်ဖြစ်
သူ့အတွက်ပင် ဖြစ်ဖြစ်
သားမြေးရဖို့ မတ ကောင်း။
စီးပွားဖြစ်ဖို့ မတ ကောင်း။
တိုင်းပြည်ရဖို့ မတ ကောင်း။
အဓမ္မပြု မကောင်းမှုဖြင့်
ကိုယ်ကြီးပွားဖို့ မတ ကောင်း။ ။ ။ ။

ဓမ္မပဒ၊ ပဏ္ဍိတဝဂ်-၈၄၊
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက် တနင်္လာနေ့၊ 25, Monday April 2016 (၈၅၄၂)


# ထူးချွန်မောင်မယ်များဖြင့် သက်ဝင်လှုပ်ရှားလာတော့မည့် ငွေဆောင်ကမ်းခြေ



၂၀၁၅ ခုနှစ် ဧပြီလက ငွေဆောင်အပန်းဖြေစခန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကစားနေကြစဉ်။

ဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - ဖြိုး

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အနောက်ဘက် မိုင် ၃၀ ခန့်အကွာရှိ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသည် ဧပြီ ၂၇ ရက်မှစ၍ ဒသမတန်း ဘက်စုံပညာထူးချွန်မောင်မယ်များဖြင့် သက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်သည်။ ပညာရေး ဝန်ကြီးဌာန၏ ရည်ရွယ်ချက်ဖြစ်သည့် ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသား ကျောင်းသူများအဖြစ် လေ့ကျင့်ပျိုးထောင်ရန်အတွက် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကာလအတော်ကြာ ရပ်နားထားခဲ့သည်။**


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖





## မိုးတိမ်တောင်ရွေ့လျားမှုအရှိန်ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးထစ်ချုန်းကာ နေရာကွက်၍ မိုးကြီးနိုင်

**ရန်ကုန် ဧပြီ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တိုးဝင်လာသော လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် မြန်မာနိုင်ငံအနောက် မြောက်ဘက်ပိုင်းတွင် မိုးတိမ်တောင်တစ်ခုဖြစ်ထွန်းလာနေပြီး အဆိုပါ မိုးတိမ်တောင်သည် အရှေ့ဘက်ကို ဆက်လက်ရွေ့လျားလာဖွယ်ရှိသည်ဟု မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က သုံးသပ်တင်ပြထားသည်။

အဆိုပါ မိုးတိမ်တောင်၏ တိမ်ထိပ်အမြင့်သည် အလွန်အားကောင်းသော တိမ်တိုက်တစ်ခုဖြစ်လာနေပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းအတွင်းသို့ အနောက်ဘက်မှ ရွေ့လျားလာနေသည်ဟု ဒေါက်တာထွန်းလွင်က ၎င်း၏ လူမှုကွန်ရက်အင်တာနက်စာမျက်နှာမှတစ်ဆင့် သုံးသပ်တင်ပြထားသည်။ မိုးတိမ်တောင်၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ နေရာကွက်၍ မိုးကြီးနိုင်သည်ဟု သိရသည်။

လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီ မိုင် ၃၀ ခန့် တိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုင် ၄၀ ခန့် အထိ တိုက်ခတ်နိုင်ကာ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းတို့ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ဒေါက်တာထွန်းလွင်က သုံးသပ်တင်ပြထားသည်။

ယင်းသို့ မြန်မာနိုင်ငံအထက်ပိုင်း ဒေသအချို့တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်မှုများဖြစ်ပေါ်နေပြီး အလွန်အကျွံအထိတ်တလန့်ဖြစ်စေနိုင်သော သတင်းများ လူမှုကွန်ရက်တွင် ပျံ့နှံ့နေခြင်းကြောင့် ယင်းအပေါ် သတိရှိကြရန်လည်း


**စာမျက်နှာ ၅ ကော်လံ ၄ သို့ ✻**



BBB
ဘီသုံးလုံး ကားအရောင်းစင်တာ
Specializes in Wagons(4WD)
38+40 ၊ကမ္ဘာအေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံ

# အစိုးရနှင့်ပြည်သူ လက်တွဲ၍ လောကကို စောင့်ရှောက်ကြစို့

မြန်မာနိုင်ငံ၏ အပြောင်းအလဲက အံ့မခန်းဖြစ်၏။ ရွေးကောက်ပွဲကာလမှာ မဲရုံများကိုသွားပြီး ပါတီတစ်ခုတည်းကို ပုံအောမဲထည့်လိုက်သည်။ မိမိမဲထည့်ရမည့်သူမှာ မည်သူမည်ဝါဆိုသည်ကိုပင် သေသေချာချာ ရေရေရာရာ မသိ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုလျှင် ပြီးရောဟူသည့်သဘော။

ပြည်သူလူထု၏ သဘောထားက အလွန်ပြတ်သားသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်မှု။ ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒအပေါ်ယုံကြည်မှု။

ပြည်သူတို့ ဘဝမှာ အလိုချင်အတောင့်တဆုံးမှာ ဒီမိုကရေစီ၏ အခြေခံအခွင့်အရေးများဖြစ်သော လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမှု။

ထို့နောက် ဥပဒေစိုးမိုးမှု။

မိမိတို့၏ နေ့စဉ်ဘဝများမှာ ဘဝရပ်တည်မှု၊ အသက်ရှင်နေထိုင်မှုတို့အတွက် လုံခြုံစိတ်ချနေချင်သည်။ ဥပဒေ၏ အရိပ်အောက်မှာ လုံခြုံစိတ်ချနေချင်သည်။

ဥပဒေအရ တရားမျှတစွာ စစ်ဆေးစီရင် အပြစ်ပေးသော စနစ်တစ်ရပ်ကို ခိုင်ခိုင်မာမာ ရှိစေချင်သည်။ ဥပဒေနှင့်အညီ နေထိုင်သူများကို သေသေချာချာ အကာအကွယ်ပေးနိုင်သည့် လုံခြုံသော အာဝါသပေးနိုင်သည့် နိုင်ငံတော်ကို ပြည်သူတို့တောင့်တ၏။

စီးပွားရေးတွင်လည်း တန်းတူညီမျှစွာ ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေး ရလိုကြသည်။ စီးပွားပြိုင်ဘက်ကို ကြိုးနှင့်တုပ်ကာ ယှဉ်ပြိုင်ခွင့်မပြုဘဲ နီးစပ်ရာအုပ်စုဖွဲ့ အခွင့်အရေးကို လက်သိပ်ထိုးပေးသည့် စီးပွားရေးစနစ်ကို ရွံမုန်းကြသည်။ တရားမျှတပြီး လွတ်လပ်ပွင့်လင်းသော စီးပွားရေးရာယှဉ်ပြိုင်မှုရှိသည့် နိုင်ငံတော်ကို တောင့်တ၏။

‘တရားဥပဒေစိုးမိုးမှုအောက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မတရားသဖြင့် ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရ’ ဆိုသည်က လူမှုအဖွဲ့အစည်းအတွင်းရှိ လူသားတိုင်း စောင့်ရှောက်ရမည့် တရားဖြစ်၏။ မိမိကြောင့်သူတစ်ပါးကို မထိခိုက်စေရ။ မည်သူတစ်စုံတစ်ဦးကိုမဆို ထိခိုက်နစ်နာမည်ဆိုလျှင် အသိစိတ်ရှိသူတိုင်းက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမည့်တရားဖြစ်၏။ လူတိုင်းလူတိုင်း ထိုအသိတရားဖြင့် မတရားမမျှတမှုကို ကာကွယ်ရမည်၊ တရားမျှတမှုကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြရမည်။ ဤသို့ဖြင့် လောကကြီး ငြိမ်းချမ်းမှုအတွက် ဝိုင်းဝန်းတည်ဆောက်ကြရမှာ ဖြစ်သည်။ မတရားမှုကို သိမြင်ပါလျက်နှင့် မသိကျိုးကျွန်ပြုနေလျှင် သည်လိုတရားမမျှတမှုများက မိမိထံသို့ တစ်ပြန်တစ်လှည့် ရောက်လာလိမ့်မည်။

လူ၏ ပင်ကိုသဘာဝက တရားမျှတမှုကို လိုလား၏။ အမှန်တရားကို ချစ်မြတ်နိုး၏။ မဟုတ်မတရားတာကို မခံချင်စိတ် ရှိကြ၏။ မတရားမှုကို တွန်းလှန်လိုစိတ်ရှိ၏။ ဤသည်ပင် လူပီသသော စိတ်ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်တွင်းရှိ တရားမျှတမှု၊ မှန်ကန်မှုတို့ ရရှိရေးအတွက် ပြည်သူတို့က ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမည် ဖြစ်ပါသည်။

သည်တရားက လောကကို စောင့်ရှောက်သောတရား ဖြစ်၏။ လူတိုင်းလူတိုင်းက လိုက်နာစောင့်ထိန်းသင့်သည့်တရား ဖြစ်၏။

ပြည်သူ့အစိုးရက ခေါင်းဆောင်၍ ပြည်သူတို့၏ထောက်ခံမှု၊ ကူညီမှုအင်အားနှင့်အတူ အဆိုပါ လောကကို စောင့်ရှောက်သော တရားကို အသက်နှင့်လဲ၍ ကာကွယ်ဖို့ တာဝန်ရှိသည် မဟုတ်ပါလား။ ။

## မိုးသီးကြွေကျခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၂၄**

၁။ ယခုလတ်တလောကာလများတွင် မြန်မာနိုင်ငံတစ်ဝန်း အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရှင်များက ထုတ်ပြန်ထားပါသည်။

၂။ ယခုရက်ပိုင်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ၊ တိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ ကြုံတွေ့နေရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုများအနေဖြင့် ယခုလတ်တလောဖြစ်ပေါ်လျက်ရှိသော မိုးသီးကြွေကျခြင်း၊ မိုးကြိုးပစ်ခြင်းများနှင့်ပတ်သက်၍ အောက်ပါအချက်များကို အထူးသတိပြုလိုက်နာ နေထိုင်ကြရန် လိုအပ်ပါသည်-

-တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီး အတော်ကြာမှ လျှပ်ပြက်လာခြင်း၊ အပူထဲတွင် လေအေးများကို ခံစားရခြင်းများသည် မိုးသီးမုန်တိုင်း၏လက္ခဏာများဖြစ်ပါသဖြင့် ထိုကဲ့သို့ဖြစ်ပေါ်လာပါက အထူးသတိပြုနေထိုင်ပါ။

-ကျေးလက်တောရွာများတွင် လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင်နေထိုင်ပါ။

-မဖြစ်မနေ အိမ်ပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

-အိမ်ထဲတွင် နေထိုင်စဉ်လည်း ခိုင်ခံ့သည့် အမိုးအကာအောက်တွင် တတ်နိုင်သမျှ နေထိုင်ပါ။ နှစ်ထပ်အိမ်များဖြစ်ပါက အိမ်အောက်ထပ်တွင် နေပါ။

-အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်ပြင်ဆင်ပါ။

-အိမ်မွေးတိရစ္ဆာန်နှင့် ကျွဲနွားများအတွက် ခိုလှုံစရာစီစဉ်ပါ။ မိုးသီးကြီးများသည် တိရစ္ဆာန်များကို အသက်အန္တရာယ်အထိ ဖြစ်စေနိုင်ပြီး တကယ်ရွာနေချိန်မိမိတို့လည်း အပြင်မထွက်နိုင်သဖြင့် ကြိုတင်စီစဉ်ပါ။

-ယာဉ်များ၊ ပစ္စည်းများ အပြင်တွင်မထားပါနှင့်။ ကားများကို ဂိုဒေါင်ထဲထည့်ပါ။ အမိုးသာရှိပြီး အကာမရှိသည့်အောက်တွင် ဘေးမှထိနိုင်သဖြင့် စောင်ကာပါ။ လမ်းများပေါ်တွင် ထားရပါက စောင်အုပ်ပါ။

-ပြတင်းတံခါးများ အသေအချာပိတ်ထားပါ။ မပိတ်မိ၍ မိုးသီးများ အရှိန်ဖြင့် ဝင်လာပါက အိမ်တွင်းပစ္စည်းများပါ ပျက်စီးနိုင်မည်။ လိုက်ကာများပါ ပိတ်ထားပါ။ ပြတင်းမှန်ကွဲခဲ့ပါက လိုက်ကာခံနေမည်။ ပြတင်းပေါက်နားရှိ ပရိဘောဂများကိုလည်း ကြိုတင်ရွှေ့ထားပါ။

-မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် ဖုန်းများကို အသုံးမပြုသင့်ပါ။

-တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားသင့်ပါသည်။

-သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေသင့်ပါ။ လျှပ်စစ်စီးကူးလွယ်သည့် ပစ္စည်းများနှင့်ဝေးရာတွင် နေထိုင်သင့်ပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် မိုးသီးကြွေကျခြင်းများ၊ မိုးကြိုးပစ်ခြင်းများနှင့် ပတ်သက်၍ သတိပြုလိုက်နာနေထိုင်ကြပါရန် အထူးမေတ္တာရပ်ခံအသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## စာဖတ်ရှုနိမြင့်တင်ရေး စာပေဟောပြောပွဲ ကျင်းပ

**နေပြည်တော် မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်၌ ယနေ့ည ၇ နာရီတွင် ကျောင်းတိုက်ဆရာတော် သာသနဓဇ၊ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ ဆရာတော်ဦးစာရိတ္တထံမှ ဩဝါဒခံယူကာ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း (နေပြည်တော်)နှင့် ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက် စာပေမြတ်နိုးသူများအဖွဲ့တို့က ဦးဆောင်ဦးရွက်ပြုကျင်းပသည့် စာဖတ်ရှုနိမြင့်တင်ရေး စာပေဟောပြောပွဲကို ကျင်းပသည်။

ဟောပြောပွဲတွင် ဆရာမကြီး ဒေါ်သန်းမြင့်အောင်က “လောကကို အလှဆင်ပါ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကြီး မနုဿကျော်ဝင်းက “ဒို့ ဘိုးဘွားအမွေစစ်မို့” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကြီး လယ်တွင်းသားစောချစ်က “ဘဝမှစာ၊ စာမှဘဝ”ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကြီးမောင်ငြိမ်းသူ (ကြို့ပင်ကောက်)က “စကားလက်ဆောင်၊ စာလက်ဆောင်” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

**( သတင်းစဉ် )**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၃၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၁၃၅၁

# တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ ဦးနုနှင့် လွှတ်တော်အမတ် ဗိုလ်ချုပ်အောင်ဆန်း

**လင်းအေး**

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှနန်းရင်းဝန်အက်တလီ (Mr. Clement Richard Attlee)နှင့် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ် ပထမအပိုဒ်တွင် "မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့သည် မိမိတို့နိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဆုံးဖြတ်နိုင်စိမ့်သောငှာ ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ဥပဒေပြုအဖွဲ့အစား တိုင်းပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်စေရမည်" ဟု ဖော်ပြထားသည်။ အောင်ဆန်း-အက်တလီစာချုပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်စီစဉ်မှုများ ပြုလုပ်နိုင်ရန် လုပ်ငန်းစဉ်များချမှတ်ထားသော စာချုပ်ဖြစ်သည်။ စာချုပ်ပါ သဘောတူညီချက်အရ တိုင်းပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲကျင်းပပြီးလျှင် နိုင်ငံခြားသားမပါသော အာဏာအပြည့်အဝရရှိမည့် အမျိုးသားယာယီအစိုးရဖွဲ့စည်းနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတစ်ပြည်လုံးအနှံ့အပြား အမြို့မြို့သို့ သွားရောက်၍ ဖဆပလ အမတ်များအား မဲပေးကြရန် စည်းရုံးဟောပြောသည်။ တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသည်။ စုစုပေါင်း အမတ် ၂၅၅ နေရာရှိရာ လူမျိုးစုများအတွက် ၄၅ နေရာချန်လှပ်၍ ကျန်သည့် ၂၁၀ နေရာအတွက် လူထုက ရွေးကောက်တင်မြှောက်ကြရသည်။ ဖဆပလအဖွဲ့ချုပ်မှ အမတ်နေရာ ၂၄၈ နေရာ (၉၅ ဒသမ ၃ ရာခိုင်နှုန်း)အနိုင်ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်(မြို့မ)လမ်းမတော်မြို့နယ်မှ ပြိုင်ဘက်မရှိ အရွေးခံရသည်။ တိုင်းပြည်ပြုလွှတ်တော်မကျင်းပမီ ရှေ့ပြေးအဖြစ် ဖဆပလပဏာမညီလာခံကို ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ပဏာမညီလာခံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းဆိုင်ရာ အဆိုပြုချက် (၁၄)ချက်ကို အတည်ပြုပြဋ္ဌာန်းသည်။ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူများကို ပြင်ဆင်ဖြည့်စွက် အတည်ပြုနိုင်ရန်အတွက် တိုင်းပြည်ပြုလွှတ်တော် ပထမညီလာခံကို ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် စတင်ကျင်းပသည်။

တိုင်းပြည်ပြုလွှတ်တော်ညီလာခံဖွင့်ပွဲနေ့တွင် သခင်မြက ယာယီသဘာပတိအဖြစ် ဆောင်ရွက်သည်။ ဇွန်လ ၁၃ ရက်နေ့တွင် သခင်နု(ဦးနု)အား လွှတ်တော်၏အမြဲတမ်းဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရန် လွှတ်တော်သို့ အဆိုလွှာနှစ်စောင်တင်သွင်းသည်။ ပထမအဆိုလွှာမှာ သခင်နုအား တင်မြှောက်ရန် ဦးအောင်ဆန်းက အဆိုတင်သွင်း၍ ညောင်ရွှေစော်ဘွားကြီးက ထောက်ခံထားပြီး ဒုတိယအဆိုလွှာမှာလည်း သခင်နုကိုပင် မန်းဘခိုင်က အဆိုတင်သွင်း၍ မစ္စတာဘားနဒ်က ထောက်ခံထားသော အဆိုလွှာဖြစ်သည်။ ဤသို့ဖြင့် သခင်နုသည် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကန့်ကွက်သူမရှိ တင်မြှောက်ခြင်းခံရသည်။

တိုင်းပြည်ပြုလွှတ်တော် ပထမညီလာခံ၏ စတုတ္ထနေ့(၁၆၊ ဇွန်၊ ၁၉၄၇)တွင် ဗိုလ်ချုပ်အောင်ဆန်းသည် "လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်" အဆိုကို လွှတ်တော်သို့ တင်သွင်းသည်။ ဗိုလ်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံလမ်းညွှန်မှုများအဖြစ် သတ်မှတ်ထည့်သွင်းရမည့် လမ်းညွှန်မှု (၇) ချက်ကို စိတ်အားထက်သန်စွာဖြင့် အချက်တစ်ချက်ချင်း အကျယ်တဝင့်ရှင်းလင်း၍ အဆိုတင်သွင်းသွားသည်။ ဗိုလ်ချုပ် အဆိုတင်သွင်းပြီးနောက် လွှတ်တော်ကို ခေတ္တနားပြီးနောက် လွှတ်တော်ပြန်စသည့်အခါ လွှတ်တော်သို့တက်ရောက်လာသည့် တိုင်းပြည်ပြုလွှတ်တော်အမတ်များသည် ဗိုလ်ချုပ်၏အဆိုကို တစ်ဦးပြီးတစ်ဦး အားတက်သရော ထောက်ခံဆွေးနွေးကြသည်။ လွှတ်တော်အစည်းအဝေးကုန်ဆုံးချိန် ညနေ ၄ နာရီအထိ ထောက်ခံဆွေးနွေးချက်များ မပြီးသေး။ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသူများ အများအပြားကျန်ရှိနေသည်။ ထိုအခါ လွှတ်တော်ဥက္ကဋ္ဌ ဦးနုက ဦးအောင်ဆန်း၏ အဆိုကို ထောက်ခံဆွေးနွေးဖို့ နာမည်စာရင်းတွေ အများကြီးရှိသေးကြောင်း သို့သော် ယနေ့အချိန်ကုန်သွားပြီဖြစ်၍ ဆွေးနွေးခွင့်ရနိုင်တော့မည်မဟုတ်ကြောင်း၊ ယခုအစည်းအဝေးကိုရုပ်သိမ်းပြီး မနက်ဖြန်မှ ဆက်လက်ထောက်ခံဆွေးနွေးကြရန် ပြောဆို၍ လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းကြောင်းကြေညာသည်။ ထိုအချိန်တွင် မည်သူမျှ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုပေါ်ပေါက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းက လွှတ်တော်တွင်းမှ ထွက်ခွာရန်ဟန်ပြင်နေသော အမတ်များအားတား၍ အစည်းအဝေးဆက်လုပ်ရန် ပြောလိုက်ခြင်းဖြစ်သည်။ ထိုဖြစ်ရပ်ကို ထိုစဉ်က လွှတ်တော်အမတ်တစ်ဦးဖြစ်သော ညောင်တုံးသခင်ချစ်(မအူပင် ကျေးလက်မြောက်ပိုင်းအမတ်)က ယခုလိုမှတ်တမ်းတင်ရေးသားထားပါသည်။

"ညနေ ၄ နာရီတွင် လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ကြောင်းကြေညာလိုက်သည်။ လွှတ်တော်အမတ်အားလုံး နေရာမှ ထရပ်လိုက်ကြသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းသည် လက်တစ်ဖက်ကို အပေါ်သို့ မြှောက်လျက် ထိုင်ကြပါဦး။ ထိုင်ကြပါဦး။ အချိန်ရှိပါသေးတယ်။ ကျန်တာလေးတွေ ဆက်လိုက်ကြတာပေါ့။ လွှတ်တော်ဥက္ကဋ္ဌကြီးဘက်သို့ကြည့်ပြီး ပြောလိုက်ပါသည်။ အမတ်တချို့မှာ ထိုင်လျက်၊ အချို့မှာ မတ်တတ်ရပ်လျက်ဖြင့် ယောင်ချာချာဖြစ်နေကြသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးသည် ဗိုလ်ချုပ်အောင်ဆန်းအားကြည့်လျက် ကျွန်တော်ဟာ လွှတ်တော်က တင်မြှောက်ထားတဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ ဥက္ကဋ္ဌက အစည်းအဝေးကို ရွှေ့ဆိုင်းပါလျက်နဲ့ အမတ်တစ်ဦးက လွှတ်တော်အစည်းအဝေးကို ဆက်လက်ကျင်းပဖို့ ပြောဆိုရန် အခွင့်အရေးမရှိပါ။ ဆက်လက်ပြီး ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးကို မနက်ဖြန်ခါ နံနက် ၁၁ နာရီအထိ ရွှေ့ဆိုင်းလိုက်ကြောင်းကို ထပ်မံကြေညာလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း လွှတ်တော်ဥက္ကဋ္ဌဘက်သို့လည်းကောင်း၊ လွှတ်တော်အမတ်များဘက်သို့လည်းကောင်း ပြုံးပြုံးရွှင်ရွှင်ဖြင့် လက်မြှောက်နှုတ်ဆက်ကာ အစည်းအဝေးခန်းမှ ထွက်ခွာသွားပါတော့သည်။"

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးနုတို့၏ နှစ်သက်ပြုံးရွှင်စရာ "ငြိ" လုံး ကလေးသည် ထိုမျှနှင့် ပြီးမသွားသေးပါ။ နောက်နေ့လွှတ်တော်အစည်းအဝေးကျင်းပသည့်အခါ နောက်ထပ် "ငြိလုံး" တစ်လုံးထပ် တက်လာပြန်ပါသည်။ ("ငြိ"သည်ဆိုသော်လည်း အမုန်းမပါသော ပြုံးစရာ ချစ်စရာကောင်းသော ဖြစ်ရပ်လေးပင် ဖြစ်ပါသည်။) ထိုထပ်မံဖြစ်ပွားသည့် အကြောင်းကိုလည်း သခင်ချစ်က အောက်ပါအတိုင်း ဆက်လက်မှတ်တမ်းပြုထားပါသည်။

"ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်ပြီး ပါလီမန်အရပ်ရပ်ဆိုင်ရာ ဥပဒေတစ်ရပ်ကို တင်သွင်းသည်။ ထိုဥပဒေကြမ်း၏ အစိတ်အပိုင်းတစ်ခုတွင် လွှတ်တော်ရွေးကောက်ပွဲအတွက် အမတ်တစ်ဦးက ကန့်ကွက်လွှာတင်သွင်းသောအခါ လျှောက်ထားသူသည် မိမိကန့်ကွက်လွှာနှင့်အတူတကွ ငွေတစ်ထောင်ကိုသော်လည်းကောင်း၊ ကာလပေါက်ဈေးနှုန်းအရ ငွေတစ်ထောင်တန်ဖိုးရှိသော အစိုးရအာမခံစာချုပ်များကို သော်လည်းကောင်း၊ အမှုစရိတ်အတွက် အာမခံအဖြစ်ဖြင့် တင်သွင်းရမည်ဟု ပါရှိသည်။ ပြည်မြို့မဲဆန္ဒနယ်အမတ် သခင်ဝတင်က လွှတ်တော်တွင်းတက်ရောက်ကြသော အမတ်အများစုမှာ ငွေတစ်ထောင်တတ်နိုင်သူက လွန်စွာနည်းပါးလှပါသည်။ ၎င်းငွေတစ်ထောင်အစား သင့်တင့်သောငွေကို ပြင်ဆင်သတ်မှတ်ရန် သင့်လျော်ကြောင်း ဆွေးနွေးတင်ပြသည်။ သခင်ဝတင် တင်ပြချက်ကို စာရေးသူအပါအဝင် အမတ်အချို့က ထောက်ခံနေချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုင်ထားသောခဲတံနှင့် စားပွဲခုံကို ခေါက်ပြီးလျှင် "ကျော်မြင့်၊ ကျော်မြင့်"ဟုလှမ်းခေါ်လိုက်ပါသည်။(ဝန်ကြီးဟောင်း ဦးကျော်မြင့်ကလေးဖြစ်ပါသည်။) ၎င်းအား တီးတိုးစကားပြောပါသည်။ ၎င်းနောက် ထိုင်ခုံမှ ထလိုက်ပါသည်။ "သခင်ဝတင် ခင်ဗျားဟာ ဖဆပလအဖွဲ့ဝင်ပဲ၊ ဖဆပလဥက္ကဋ္ဌရဲ့အဆိုကို လွှတ်တော်မှာကန့်ကွက်တယ်ဆိုတာ သင့်လျော်တဲ့ကိစ္စမဟုတ်ပါ။ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ပြောတယ်။ အဆိုကို ပြန်ရုပ်သိမ်းပါ။" လွှတ်တော်ဥက္ကဋ္ဌကြီးသည် ထိုင်ရာမှထလိုက်ပြီး "ဗိုလ်ချုပ်အောင်ဆန်းဟာ လွှတ်တော်ပြင်ပမှာ ဖဆပလဥက္ကဋ္ဌမှန်ပါတယ်။ လွှတ်တော်အတွင်းမှာ ဖဆပလဥက္ကဋ္ဌရဲ့ အခွင့်အရေးကို အမတ်တစ်ဦးအပေါ်မှာ မသုံးနိုင်ပါ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုပြုချက်ကို ပြန်လည်ရုပ်သိမ်းပါ။" ဗိုလ်ချုပ်အောင်ဆန်းလည်း ချက်ချင်းပင်"ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်စိတ်ဟာ ရှေ့ကိုသိပ်ရောက်နေတဲ့အတွက် ဒီလိုကိစ္စဖြစ်ရပါတယ်။ ကျွန်တော့်အဆိုကို ပြန်လည်ရုပ်သိမ်းပါတယ်" ဟု ပြောပြီး အမတ်များဘက်သို့ လှည့်ကြည့်ကာ ပြုံးလိုက်ပါတယ်။ လွှတ်တော်တစ်ခုလုံး ဆူညံစွာ လက်ခုပ်တီးသြဘာပေးကြသည်။ [တိုင်းပြည်ပြုလွှတ်တော်နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ချစ်(ညောင်တုံး)၊ အိုးဝေဂျာနယ် အမှတ် ၂၃၊ ၁၅-၇-၁၉၆၉]

တိုင်းပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းကို ဦးနုက တားမြစ်ခဲ့ရသည့် ကိစ္စနှစ်ရပ်ကိုပြန်သုံးသပ်ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် အလုပ်တွင်စေလိုသောစိတ်ဆန္ဒဖြင့် လွှတ်တော်အစည်းအဝေးကို မရပ်နားသေးဘဲ ဆက်ကျင်းပစေလိုသည်။ လွတ်လပ်ရေးအတွက် စိတ်စောလွန်းနေသဖြင့် လည်းကောင်း၊ လွှတ်တော်အတွေ့အကြုံနည်းသေးခြင်း၊ လွှတ်တော်ပါးမဝသေးခြင်းကြောင့်လည်းကောင်း၊ လွှတ်တော်စည်းမျဉ်းစည်းကမ်းကို သတိမမူမိတော့ဘဲ လွှတ်တော်မှ ထွက်ခွာရန်ပြင်နေသောအမတ်များကို လှမ်းတားလိုက်မိခြင်းဖြစ်သည်။ သို့သော် လွှတ်တော်ဥက္ကဋ္ဌက သတိပေးတားမြစ်လိုက်သည့်အခါ မိမိ၏အပြုအမူကို ချက်ချင်းရုပ်လိုက်ပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်အမတ်များကို တောင်းပန်သည့် အမူအရာပြ၍ လွှတ်တော်ခန်းမမှ ထွက်ခွာသွားခဲ့သည်။ လွှတ်တော်အမတ်တစ်ဦးသည် လွှတ်တော်ဥက္ကဋ္ဌကို ရိုသေရမည်။ ဥက္ကဋ္ဌစကားကို လေးစားနာခံရမည်ဆိုသည်ကို ဗိုလ်ချုပ်ကောင်းစွာ သဘောပေါက်သည်။ ဦးနုမှာ တက္ကသိုလ်မှ ဘီအေဘွဲ့ရ၍ ကျောင်းထွက်သွားပြီးမှ ဘီအယ်လ်တက်ဖို့ ကျောင်းသို့ တစ်ကျော့ပြန် ရောက်လာသူဖြစ်သည်။ ကိုအောင်ဆန်း၊ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း၊ ကိုလှဖေ၊ ဗိုလ်လက်ျာတို့အပါအဝင် ကျောင်းသားသမဂ္ဂအမှုဆောင်များက ဦးနုကို မိမိတို့အစ်ကိုကြီးသဖွယ် လေးလေးစားစား ဆက်ဆံကြသည်။ ဗိုလ်ချုပ်နှင့် ဦးနုတို့သည် တက္ကသိုလ်ကျောင်းသားဘဝကစ၍ တို့ဗမာအစည်းအရုံး၊ ဂျပန်ခေတ်၊ ဒေါက်တာဘမော်အစိုးရလက်ထက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖက်ဆစ်တော်လှန်ရေးလုပ်ရန်အတွက် အတူကြိတ်၍ လျှို့ဝှက်ပြင်ဆင်ခဲ့သူများ၊ ဖဆပလဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအဖြစ် အတူလက်တွဲဆောင်ရွက်ခဲ့သူများဖြစ်သည်။ တော်လှန်ရေးအပြီး ဦးနုက နိုင်ငံရေးမလုပ်တော့ စာပဲရေးတော့မည်ဟု ဆုံးဖြတ်ပြီး မော်လမြိုင်ကျွန်းတွင် နေ၍ စာရေးနေသည်ကို ဗိုလ်ချုပ်က မရမက အတင်းခေါ်ကာ ဖဆပလဒုဥက္ကဋ္ဌရာထူးကို (တမင်ထွင်၍) ပေးအပ်ထားခဲ့ခြင်းဖြစ်သည်။ (ဦးနုသည် ၁၉၄၇ ခုနှစ် ဇွန် ၂ ရက်နေ့တွင်မှ ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သူမရှိ အရွေးခံရပြီး လွှတ်တော်အမတ်ဖြစ်လာသူဖြစ်သည်။) သို့သော် ဦးနုသည် သမာသမတ်ရှိသည်။ လွှတ်တော်ဥက္ကဋ္ဌတာဝန်ကို စည်းကမ်းတကျ ဆောင်ရွက်သည်။ ဗိုလ်ချုပ်အောင်ဆန်းသတိလက်လွတ်ဖြစ်သွားသည်ကို တုံ့ဆိုင်းမနေဘဲ သတိပေးတားမြစ်သည်။ ဒုတိယအကြိမ် ထပ်မံဖြစ်ပွားသည့်ကိစ္စတွင်လည်း ဖဆပလအလုပ်အမှုဆောင်အစည်းအဝေးတွင် ဆွေးနွေးပြီးပြတ်ခဲ့ပြီးဖြစ်သည့်ကိစ္စကို သခင်ဝတင်က လွှတ်တော်တွင် ထပ်မံတင်ပြခြင်းအပေါ် ရုတ်တရက် မကျေနပ်ဖြစ်ပြီး ဗိုလ်ချုပ်က ထပြောခြင်းဖြစ်သည်။ သို့သော် လွှတ်တော် ဥက္ကဋ္ဌက "လွှတ်တော်အတွင်းမှာ ဖဆပလဥက္ကဋ္ဌရဲ့အခွင့်အရေးကို အမတ်တစ်ဦးအပေါ် မသုံးနိုင်ကြောင်း" ပြောဆိုတားမြစ်သည့်အခါ ဗိုလ်ချုပ်က ချက်ချင်း မိမိအဆိုကိုပြန်ရုပ်သိမ်း၍ လွှတ်တော်ဥက္ကဋ္ဌကို တောင်းပန်သည်။ မည်သူမဆို တစ်ခါတစ်ရံ အမှားလုပ်မိတတ်ကြသည်။ အမှားလုပ်မိတာက မဆန်း၊ ကိုယ့်အမှားကို ကိုယ်သိမြင်ပြီး ဝန်ခံဖို့ဝန်မလေးဘဲ ပြန်ပြုပြင်လိုက်သည်ကသာ လေးစားစရာ ကောင်းသောလုပ်ရပ်ဖြစ်သည်။ (ဗိုလ်ချုပ်အဆိုကို လွှတ်တော်တွင် ဆွေးနွေးမခဲ့ကြသည့်အခါ အဆိုဘက်မှ အနိုင်ရပါသည်။) သခင်ဝတင်နှင့်ဖြစ်ပွားသည့် ကိစ္စပြီးသည့် နောက်နေ့ ကျင်းပသော (၁၈-၆-၄၇)လွှတ်တော်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စတစ်ရပ်ကို ဆောင်ရွက်ခဲ့ပြန်ပါသည်။ ဆောင်ရွက်ချက်မှာ တိုင်းပြည်ပြုလွှတ်တော်အမတ်များသည် လွှတ်တော်ဂုဏ်သိက္ခာနှင့်အညီ ခေါင်းပေါင်း၊ တိုက်ပုံစသည့် အမျိုးသားဝတ်စုံကို တညီတညာတည်း ဝတ်ဆင်ကြရန် ညွှန်ကြားချက်ထုတ်ပြန်လိုက်ခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်သည် ကျောင်းသားဘဝ၊ သခင်ဘဝတို့တွင် အဝတ်အစား၊ အနေအထိုင်၊ အစားအသောက်ကို ဖြစ်သလိုဝတ်ဆင်၊ နေထိုင်၊ စားသောက်၍ နိုင်ငံရေးတစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်လာခဲ့သူဖြစ်သည်။ ဂျပန်ခေတ်စစ်ဝန်ကြီးဘဝတွင်ပင် အဝတ်အစားကောင်းကောင်း ဝတ်ဆင်လေ့ရှိသူမဟုတ်။ Aung San of Burma စာအုပ်တွင်ပါရှိသော ဗိုလ်မှူးချုပ်စောကြာဒိုး၏ ဆောင်းပါး(The General)တွင် ဂျပန်ခေတ်က ဂျပန်သံအမတ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ထိပ်ပိုင်းအရာရှိအချို့ကို အိမ်သို့ဖိတ်ကြား၍ နေ့လယ်စာ တည်ခင်းဧည့်ခံရာ အလွန်ပူပြင်းသောနေ့ဖြစ်သဖြင့် ယူနီဖောင်းများဝတ်ထားသော ဗိုလ်ချုပ်နှင့် သူ့အဖွဲ့သားများသည် အိုက်စပ်ပူလောင်လျက်ရှိသည်။ အလိုက်သိသော သံအမတ်က အပေါ်မှ ဝတ်ဆင်ထားသည့် ဂျာကင်များကို ချွတ်ထားကြရန် အကြံပြုသည်။ ဗိုလ်ချုပ်မှအပ စောကြာဒိုးတို့အားလုံး မဆိုင်းမတွ ဂျာကင်အင်္ကျီများကို ချွတ်ကြသည်။ ဗိုလ်ချုပ်ကမူ သူ၏ထူထဲသော ဂျာကင်အင်္ကျီကို ချွတ်ရန်တုံ့ဆိုင်းနေသည်။ နောက်မှ သူ့ဂျာကင်ကိုချွတ်လိုက်သည့်အခါ အထဲတွင် စုတ်ပြတ်သတ်နေသည့် စွပ်ကျယ်အင်္ကျီသာရှိနေသည်ကို အလန့်တကြား တွေ့ကြရသည်။ မိမိတို့အင်္ကျီများမှာလည်း စုတ်ပြတ်နေကြသည့်တိုင် ဗိုလ်ချုပ်၏စွပ်ကျယ်က အားလုံးကို အသာရသွားကြောင်း ရေးထားသည်။

ဗိုလ်ချုပ်သည် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရာ၌ ကောင်းမွန်သပ်ရပ်သော အဝတ်အစားများကို ဝတ်ဆင်ထားခြင်းမရှိ။ အလားတူပင် လွှတ်တော်အမတ်အများစုမှာလည်း ဗိုလ်ချုပ်၏ ရဲဘော်ရဲဘက်များ၊ ဗိုလ်ချုပ်ဖွဲ့စည်းထားသည့် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် လူငယ်များသာဖြစ်ကြရာ တော်လှန်ရေးရဲဘော်များဘဝမှ လွှတ်တော်အမတ်ဖြစ်လာကြရသဖြင့် သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားခြင်းမရှိဘဲ ဖြစ်သလိုဝတ်ဆင်၍ လွှတ်တော်တက်နေကြခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် လွှတ်တော်အမတ်အများစု၏ ဝတ်ဆင်ပုံနှင့် ဗိုလ်ချုပ်က ထိုအဝတ်အဆင်တို့ကို ပြောင်းလဲ၍ ဝတ်ဆင်ရန် ညွှန်ကြားထုတ်ပြန်ပုံကို သခင်ချစ်(ညောင်တုံး)၏ ဆောင်းပါးတွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

ထိုအချိန်က တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမဆောင်ကို ကြည့်မည်ဆိုလျှင် ထိပ်ဆုံးအမှတ်(၁) နေရာတွင် ဗိုလ်ချုပ်အောင်ဆန်းကို မြင်ရပါမည်။ ဗိုလ်ချုပ်၏ ဝတ်စားဆင်ယင်ပုံမှာ များစွာရိုးသားလှ၏။ ကာကီရောင် ဘောင်းဘီရှည်ပွပွနှင့် ကာကီစစ်ရောင်အင်္ကျီအပွကြီး၏ အိတ်နှစ်ဖက်တွင် တိုလီမိုလီစာရွက်များ၊ စာအိတ်များ ပြည့်ဖောင်းလျက်ဖြင့် တွေ့ရသည်။

လွှတ်တော် အမတ်များတွင်လည်း ဆရာကြီးဦးဘချိုမှလွဲ၍ ခေါင်းပေါင်းပေါင်းသူများမရှိသလောက် နည်းလှသည်။

အချို့မှာရှပ်လက်တိုအင်္ကျီနှင့် လုံချည်အချို့၊ ဘောင်းဘီရှည်နှင့်ရှပ်လက်တို၊ ပြည်သူ့ရဲဘော်အမတ်အချို့က ရဲဘော်ယူနီဖောင်း၊ တောင်တန်းဒေသမှ အမတ်အချို့သာလျှင် ၎င်းတို့၏ ရိုးရာအဝတ်အစားများကို ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။

(၁၈-၆-၁၉၄၇)တွင် ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစည်းအဝေးခန်း၏စားပွဲခုံပေါ်တွင် စာတစ်စောင်ကို တင်ထားသည်။ စာတွင်ပါရှိသော ကိစ္စမှာ ဖဆပလအမတ်အားလုံးအား နေ့လယ်လွှတ်တော်ရပ်နားချိန် ပါလီမန်ဧည့်ခန်းသို့ အမတ်ပေါင်းစုံအစည်းအဝေးတက်ရောက်ရန်ကိစ္စဖြစ်ပါသည်။ အစည်းအဝေးရပ်နားချိန်တွင် အမတ်အားလုံး အစည်းအဝေးသို့ တက်ရပါသည်။ ယင်းအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက "ဒီနေ့ အစည်းအဝေးခေါ်တာ အခြားမဟုတ်ဘူး။ လွှတ်တော်အတွင်းမှာ ကျွန်တော်ကိုယ်တိုင် ချို့ယွင်းချက်ရှိခဲ့တဲ့ကိစ္စတင်ပြဖို့ပဲ" "တိုင်းပြည်လွှတ်တော်ဆိုတာ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ အပြင် ကမ္ဘာကလည်း အကဲခတ်နေတဲ့ ဌာနကြီးဖြစ်တယ်။ ဟိုနေ့ကဖြစ်တဲ့ကိစ္စဟာလည်း ကျွန်တော်ကိုယ်တိုင်က ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအမြန်ပြီးဆုံးလိုတဲ့ ဆန္ဒစောပြီးဖြစ်တာပဲ။ ဒါကိုလည်း ဥက္ကဋ္ဌကြီးကို တောင်းပန်ပြီးပါပြီ။" "ဒီနေ့ကစပြီး ကျွန်တော်နဲ့တကွ အမတ်အားလုံးဟာ လွှတ်တော်စည်းကမ်းတွေကို အထူးလေ့လာကြရမယ်။ ဒီပြင်လည်း အမတ်တွေဟာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာနဲ့အညီ ဝတ်စားဆင်ယင်မှုပါ ဂရုပြုရမယ်။ ကျွန်တော်ကစပြီး မနက်ဖြန်ခါ လွှတ်တော်မှာ တိုင်းရင်းသားဝတ်စုံ(အမျိုးသားဝတ်စုံ)ကို ဝတ်ရမယ်"ဟု အမိန့်ရှိပါသည်။

ဗိုလ်ချုပ်ကဆက်လက်ပြီး "ကိုင်း လွှတ်တော်မှာ ဝါအရင့်ဆုံးဖြစ်တဲ့ ဦးဘသီက လွှတ်တော်ရဲ့ ထုံးတမ်းစဉ်လာတွေ ပြောပြစမ်းပါ" ဟု ရယ်မောပြီးပြောဆိုသွားလေသည်။ (ဦးဘသီမှာ ယခင်အမတ်ဟောင်း မန္တလေးအမတ် ဦးဘသီဖြစ်ပါသည်။)

ထိုနေ့ လွှတ်တော်ရပ်နားသည်နှင့် တစ်ပြိုင်နက် လွှတ်တော်အမတ်များသည်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

# မြောက်ကိုရီးယားခေါင်းဆောင်ဟောင်းကင်ဂျုံအီ၏ ဂျပန်အမျိုးသားစားဖိုမှူးဟောင်း ပြုံယမ်းသို့ အလည်အပတ်ခရီးသွားရောက်ခဲ့



မြောက်ကိုရီးယားနိုင်ငံက သူ့အား နိုင်ငံအတွင်းသို့ အဘယ် ကြောင့် အလည်အပတ်လာရောက်ရန် ခွင့်ပြုခဲ့သလဲ ဆိုသည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

**ပြုံယမ်း ဧပြီ ၂၄**
မြောက်ကိုရီးယားခေါင်းဆောင်ဟောင်းကင်ဂျုံအီ၏ ဂျပန် အမျိုးသားစားဖိုမှူးဟောင်းတစ်ဦးသည် မြောက်ကိုရီးယား နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့ကြောင်း သတင်းများအရ သိရသည်။

'ကန်ဂျီ ဖူဂျီမိုတို'သည် မြောက်ကိုရီးယားခေါင်းဆောင် ဟောင်းကင်ဂျုံအီ၏ စားတော်ကဲအဖြစ်၂၀၀၁ ခုနှစ်ထိတိုင် ၁၃ နှစ်ကြာ တာဝန်ထမ်းရွက်ခဲ့သည်။

ဖူဂျီမိုတိုက ပြုံယမ်းတွင် အနည်းဆုံး ၁၀ ရက်ကြာ နေထိုင်ခဲ့ပြီးနောက် ဧပြီ ၂၃ ရက်တွင် ပြုံယမ်းမှ ပေကျင်း လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဧပြီ ၁၂ ရက်တွင် စတင်ခဲ့သော ၎င်း၏ခရီးစဉ်နှင့်ပတ်သက်ပြီး မည်သည့် အသေးစိတ်အချက်အလက်ကိုမျှ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

ခေါင်းဆောင်ဟောင်း ကင်ဂျုံအီသေဆုံးပြီးနောက် အာဏာရလာသော ခေါင်းဆောင် ကင်ဂျုံအန်က ဖူဂျီမိုတိုအား ၁၁ နှစ်အတွင်း ပထမဆုံးအလည်အပတ် ခရီးစဉ်အဖြစ် ပြုံယမ်းသို့လာရောက်ရန် လေးနှစ်အကြာက ဖိတ်ခေါ်ခဲ့သည်။

ခေါင်းဆောင်ကင်ဂျုံအန်က ဖူဂျီမိုတိုအား ဆန္ဒရှိပါက မည်သည့်အချိန်မဆို ပြုံယမ်းသို့ အလည်အပတ်လာရောက် နိုင်ပါကြောင်း ဖူဂျီမိုတိုက မီဒီယာသို့ နောက်ပိုင်းတွင် ပြောကြားခဲ့သည်။

ယခုဖူဂျီမိုတို၏ ပြုံယမ်းခရီးစဉ်သည် ဧပြီ ၁၅ ရက်တွင်ကျရောက်သော ခေါင်းဆောင်ဟောင်း ကင်ဂျုံအီ ၏ဖခင် ကင်အီဆွန်၏မွေးနေ့ပွဲကို တက်ရောက်ရန် လာရောက်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း စောင့်ကြည့် လေ့လာသူများက ခန့်မှန်းပြောကြားကြသည်။

ဖူဂျီမိုတိုအနေဖြင့် သူ့ခရီးစဉ်အတွင်း အဆင့်မြင့် အစိုးရအရာရှိများနှင့် တွေ့ဆုံခဲ့ခြင်း ရှိ၊ မရှိနှင့်



# ဘင်္ဂလားဒေ့ရှ်၌ တက္ကသိုလ် ပါမောက္ခတစ်ဦးကို အိုင်အက်စ်စစ်သွေးကြွများက သတ်ဖြတ်ခဲ့ဟုဆို

**ဒါကာ ဧပြီ ၂၄**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ တက္ကသိုလ် ပါမောက္ခ တစ်ဦးကို သတ်ဖြတ်ခဲ့သူများမှာ အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွများဖြစ်သည်ဟု ၎င်းတို့က ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်း ဌာနများက ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ဂျပ်ရှာဟီ မြို့၌ ပါမောက္ခ ရီဇောကာရင်ဆီးဒစ်သည် ၎င်း၏ နေအိမ် မှ ဘတ်စ်ကားဂိတ်သို့ လမ်းလျှောက်သွားနေစဉ်တွင် ဓားခုတ်ခံခဲ့ရပြီး သေဆုံးခဲ့ရကြောင်း ရဲမင်းကြီး မိုဟာမက် ရှမ်ဆူဒင်က ပြောကြားသည်။

အသက် ၅၈ အရွယ်ရှိ ပါမောက္ခ ရီဇောသည် ဂျပ်ရှာဟီမြို့ရှိ တက္ကသိုလ်၌ အင်္ဂလိပ်ဘာသာ သင်ကြားပေး သူဖြစ်သည်။

တိုက်ခိုက်သူများသည် မော်တော်ဆိုင်ကယ်ဖြင့် လိုက်ပါလာပြီး ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ပြီး နောက် အခင်းဖြစ်ပွားရာ နေရာမှ ချက်ချင်းထွက်ခွာသွားခဲ့ ကြောင်း၊ ပါမောက္ခ ရီဇောသည် လည်ပင်းတွင် သုံးကြိမ် ထက်မနည်း ဓားခုတ်ခံခဲ့ရပြီး သေဆုံးခဲ့ရကြောင်း၊ တိုက်ခိုက်မှု ပုံပန်းသဏ္ဌာန်အရ အစွန်းရောက်အုပ်စုများ က လုပ်ဆောင်ခဲ့သည်ဟု မိမိတို့ မသင်္ကာဖြစ်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါမောက္ခရီဇောသည် ယဉ်ကျေးမှု အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ပြီး မတရားသင်း ကြေညာခံ ထားရသော ဂျမားယီတူး မူဂျာဟီဒင် ဘင်္ဂလားဒေ့ရှ် စစ်သွေးကြွအဖွဲ့ အခြေစိုက်ရာ ဘက်မာရာမြို့၌ တေးဂီတ ပညာသင်ကျောင်းတစ်ကျောင်းကို ထူထောင်ထားသူ ဖြစ်သည်။ **ရိုက်တာ။**

# တောင်တရုတ်ပင်လယ်အတွင်း ရွှေ့ပြောင်းနိုင်သော ရေပေါ်နျူကလီးယားစက်ရုံ တည်ဆောက်မည်ဟုဆို

ပေကျင်း ဧပြီ ၂၄
တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုများ၌ ဆောက်လုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရေပေါ် နျူကလီးယားစက်ရုံတစ်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် ဂလိုဘယ်တိုင်းသတင်းစာက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသည် ပင်လယ်ပြင်အတွင်း ရွှေ့ပြောင်းသွားလာနိုင်သော ရေပေါ် နျူကလီးယား ဓာတ်အားပေး စက်ရုံတစ်ရုံကို ပထမဆုံးအကြိမ် တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာတွင် ရေးသားဖော်ပြသည်။

မဟာဗျူဟာမြောက် တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများ၌ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာ တွင် စွမ်းဆောင်ရည်မြင့်မားစေရန် ရေပေါ် နျူကလီးယားစက်ရုံတစ်ရုံလိုအပ်ကြောင်း သတင်းစာတွင် ရေးသား ဖော်ပြသည်။

ရေပေါ် နျူကလီးယားစက်ရုံ ထူထောင်နိုင်ရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်သင်္ဘော တည်ဆောက်ရေး စက်မှုလုပ်ငန်းကော်ပိုရေးရှင်း၏ ညွှန်ကြားရေးမှူး လျူကျုန်ကိုက ပြောကြားသည်။

ဈေးကွက် ဝယ်လိုအားအပေါ် မူတည်၍ ရေပေါ် နျူကလီးယားစက်ရုံများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစက်ရုံများကို အရပ်ဘက်လုပ်ငန်းများအတွက်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကမ်းလွန်ရေနံတူးဖော်ရေး စင်များအတွက် လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ရေပေါ် နျူကလီးယားစက်ရုံထူထောင်ရန် စီစဉ်ဆောင်ရွက်နေသည်ဆိုသော သတင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခြင်းမရှိပေ။ **ပီတီအိုင်။**




# အရှေ့တရုတ်ပင်လယ် ဂျပန်ရေပိုင်နက်အတွင်း တရုတ်ကင်းလှည့်သင်္ဘောများ ကျူးကျော်ဝင်ရောက်

**ကျိုတို ဧပြီ ၂၄**
တရုတ်ကင်းလှည့်သင်္ဘောများက အရှေ့တရုတ်ပင်လယ် စင်ကာကူကျွန်းစုများအနီး ဂျပန်နိုင်ငံရေပိုင်နက်အတွင်း သို့ ရုတ်တရက် ကျူးကျော်ဝင်ရောက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့များက ယနေ့ပြောကြားခဲ့သည်။

ဧပြီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကင်းလှည့် သင်္ဘောများသည် အူဆာရီကျွန်း ကမ်းလွန်ပင်လယ်ပြင် ဂျပန်နိုင်ငံ၏ရေပိုင်နက်အတွင်းတွင် အချိန်အားဖြင့် မိနစ် ၉၀ ကြာ လှည့်ပတ်ခုတ်မောင်းနေခဲ့ကြောင်း ဂျပန် ကမ်းခြေစောင့်တပ်ဖွဲ့များက ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့တရုတ်ကင်းလှည့်သင်္ဘောများ ဂျပန်ရေကြောင်း ပိုင်နက်အတွင်းသို့ ဝင်ရောက်ခြင်းသည် ယခုနှစ် ဧပြီ ၁၄ ရက်စမှစ၍ ပထမဆုံးအကြိမ် ကျူးကျော်ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

အရှေ့တရုတ်ပင်လယ်ရှိ စင်ကာကူကျွန်းစုများကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော်လည်း တရုတ်နှင့် ထိုင်ဝမ်တို့က ယင်းကျွန်းများကို ၎င်းတို့ပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုကြပြန်သည်။

သမိုင်းအစဉ်အလာနှင့် နိုင်ငံတကာဥပဒေအရ အဆိုပါကျွန်းများသည် ဂျပန်နိုင်ငံ၏ ရေပိုင်နက်ထဲတွင် ပါရှိနေကြောင်း ဂျပန်အစိုးရက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# နီပေါ၌ ငလျင်လှုပ်မှု တစ်နှစ်ပြည့်မြောက် ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်

**ခတ္တမန္ဒူ ဧပြီ ၂၄**
လွန်ခဲ့သည့် တစ်နှစ်က အင်အားပြင်း ငလျင်လှုပ်မှုကြောင့် သေဆုံးခဲ့ရသူ လူထောင်ပေါင်းများစွာအတွက် ဝတ်ပြုဆုတောင်းပွဲများကို ဧပြီ ၂၄ ရက်တွင် ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်း ထုတ်ပြန်သည်။

နီပေါနိုင်ငံ၌ လွန်ခဲ့သည့်တစ်နှစ်က အင်အား ၇ ဒသမ ၈ ရှိ ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၉၀၀၀ နီးပါး သေဆုံးခဲ့ရပြီး ပြည်သူလေးသန်းခန့်မှာ ငလျင်ဒုက္ခသည်များဖြစ်ခဲ့ရသည်။ ငလျင်ဒုက္ခသည်များသည် ယနေ့ကာလအထိ ယာယီခိုလှုံရေး စခန်းများ၌ နေထိုင်ကြရဆဲဖြစ်သည်။

ငလျင်ကြောင့် ရာစုနှစ်ပေါင်းများစွာ သက်တမ်းရှိသည့် ဘုရားကျောင်းများနှင့် ခတ္တမန္ဒူတောင်ကြားရှိ ဘုရင့်နန်းတော် အဆောက်အအုံများအပါအဝင် ရှေးဟောင်းအဆောက်အအုံများစွာ ပျက်စီးခဲ့ရပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ထိခိုက်ခဲ့ရသည်။

သမိုင်းဝင် မြို့တစ်မြို့ဖြစ်သော ဘာကာတာပူးမြို့၌ ရိုးရာနေအိမ်များ ပြိုလဲပျက်စီးခဲ့ရပြီး ငလျင်ဒုက္ခသည်များမှာ ယာယီရွက်ဖျက်တဲများဖြင့် နေထိုင်ကြရဆဲဖြစ်သည်။

နီပေါနိုင်ငံ ငလျင် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ အထောက်အပံ့ပေးရန် အလှူရှင်နိုင်ငံများက ကတိပြုခဲ့ကြသော်လည်း ကယ်ဆယ်ရေးရန်ပုံငွေ ထိန်းချုပ်ရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးသမားများ သဘောကွဲလွဲနေကြသဖြင့် ရန်ပုံငွေ ထောက်ပံ့ပေးရေးတွင် ပြဿနာများဖြစ်ပေါ်လျက်ရှိသည်။ **ပီတီအိုင်။**

# ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုဏ္ဍိဗလ၏ (၄၅)ကြိမ်မြောက် သိက္ခာတော်ကံထပ်အလှူတော်မင်္ဂလာနှင့် သက်တော်(၅၀)ပြည့် ရွှေရတုဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ၉/တောင် ရပ်ကွက် မူလဆယ်တောင်ပြည့် ကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်တွင်းပြည်ပသာသနာပြု၊ ရှင် ၅၀၀၀ သာသနာပြု၊ (နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆုရ) ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍိဗလ၏ (၄၅)ကြိမ်မြောက် သိက္ခာတော်ကံထပ် အလှူတော်မင်္ဂလာနှင့် သက်တော်(၅၀)ပြည့် ရွှေရတုဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပင့်သံဃာများ စုစုပေါင်းသံဃာတော် ၁၀၈ ပါး တို့ကြွရောက်ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။



ရှေးဦးစွာ နံနက် ၉ နာရီတွင် ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်းလောင်းလှူပူဇော်ခဲ့ကြပြီး ရွှေရတု ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားအား ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးက မွေးနေ့ဆုတောင်းမေတ္တာပို့စကား လျှောက်ထားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ ဆုတောင်းလွှာနှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မွေးနေ့ရှင်ဆရာတော် ဦးကုဏ္ဍိဗလက ဩဝါဒစကားမြွက်ကြားပြီး အလှူရှင်များက ဆရာတော်အား သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ မင်းကွန်းဆရာတော်ကြီး၏ကောင်းမှုတော် ဒဂုံသီရိမဟာဘေးမဲ့ကန်တော်ကြီး ပြန်လည်ဆယ်ယူနေသော လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဝိသာခါတန်ဆောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ တည်းခို နေထိုင်နိုင်ရေးအတွက် ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၄-၄-၂၀၁၆)

တမူး
၂ ဒသမ ၇၂ လက်မ
ကသာ
၁ ဒသမ ၃၄ လက်မ
ဗန်းမော်
၁ ဒသမ ၃၀ လက်မ
ပူတာအို
၁ ဒသမ ၂၂ လက်မ
လားရှိုး
၁ ဒသမ ၀၂ လက်မ
မချမ်းဘော
သုည ဒသမ ၇၉ လက်မ
မန္တလေး
သုည ဒသမ ၅၉ လက်မ
ဟုမ္မလင်း
သုည ဒသမ ၅၅ လက်မ

## ❖ ရွှေဖုံးမှ

၂၀၁၃ ခုနှစ်မှစ၍ လူရည်ချွန်စီမံကိန်းမှ ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်လာခဲ့ကာ ပုဂံ၊ အင်းလေး၊ ငွေဆောင်တို့တွင် စခန်းများဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ နေထိုင်အပန်းဖြေခြင်း၊ လေ့လာရေးခရီးစဉ်များ၊ ဟောပြောပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

လူရည်ချွန်စီမံကိန်းများကို နိုင်ငံတော်အဆင့် အကြီးအကဲများက အားပေးခဲ့ကြပြီး လူရည်ချွန်မောင်မယ်များ အနေဖြင့် နိုင်ငံ့အကြီးအကဲများ၊ တိုင်းဒေသကြီးမှ အကြီးအကဲများနှင့် တရင်းတနှီးတွေ့ဆုံခွင့်ရခဲ့သည်။

ယခုနှစ်တွင်လည်း ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းတွင် အပန်းဖြေမည့် ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအတွက် ယုဇနဟိုတယ်နှင့် ပုလဲငွေဆောင်ဟိုတယ်တို့တွင် သက်သောင့်သက်သာ အနားယူအပန်းဖြေနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်ပြီး နဝမတန်း ထူးချွန်မောင်မယ်များအတွက် အင်းလေးတွင်လည်းကောင်း၊ အဋ္ဌမတန်းထူးချွန်မောင်မယ်များအတွက် ပုဂံတွင်လည်းကောင်း စခန်းများဖွင့်လှစ်ပြီး စခန်းဝင်စဉ်ကာလအတွင်း နေထိုင်စားသောက်မှုများအတွက် အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးထားမည်ဖြစ်သည်။

ထူးချွန်မောင်မယ်များအနေဖြင့် ငွေဆောင်မရောက်မီ ဆက်ကြား မြေပြန့်ဒေသဖြစ်သည့် ရန်ကုန်မြို့မှ ပုသိမ်မြို့၊ ပုသိမ်မှ သလပ်ခွာကျေးရွာအထိ၊ ထို့နောက် သလပ်ခွာကျေးရွာမှ ငွေဆောင်ကမ်းခြေအကြား အနောက်ရိုးမတောင်တန်းကြီးကို တစ်တောင်တက်တစ်တောင်ဆင်းဖြင့် ကမ်းခြေရောက်သည်အထိ အကွေ့အကောက် အနိမ့်အမြင့်များကို ဖြတ်သန်းရင်း စိမ်းစိုနေသော အပူပိုင်းသစ်တောများနှင့် သစ်ထုတ်လုပ်ရေးဆင်စခန်းကိုလည်း လမ်းခရီးတွင် တွေ့ရမည်ဖြစ်သည်။

ထို့ပြင် ပုဂ္ဂလိကကုမ္ပဏီများ၏ ရော်ဘာစိုက်ပျိုးထားမှုများကို ကားလမ်းဘေးတစ်လျှောက် တွေ့မြင်နိုင်မည်ဖြစ်ပြီး အနောက်ရိုးမတောင်တန်းပေါ်တွင် စိုက်ပျိုးထားသည့် အင်၊ ကညင်၊ ပျဉ်းကတိုးအစရှိသည့် အပင်ကြီးများကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ငွေဆောင်ကမ်းခြေသည် ငွေဆောင်ရွာမပေါ်တွင်တည်ရှိပြီး ငွေဆောင်ရွာနှင့်တစ်ဆက်တည်း ဇီးမော်ရွာ၊ ဘူးကွဲရွာ၊ မကျည်းမော်ရွာအထိ၊ အရှေ့ဘက်တွင် ပုသိမ်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ချောင်းသာအပန်းဖြေစခန်းနှင့် တောင်ဘက်တွင် မော်တင်စွန်းတို့တည်ရှိပြီး ပင်လယ်ကမ်းခြေသည် မြောက်ဘက်ဇီးမော်မှ တောင်ဘက် မကျည်းမော်အထိ ၁၀ မိုင်ခန့်ရှည်လျားသည်။

ငွေဆောင်ဒေသသည် ယခင်က ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် အုန်းခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသော်လည်း ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းဖွင့်လှစ်ပြီးနောက်ပိုင်း ဈေးရောင်းဝယ်ခြင်းလုပ်ငန်း၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း၊ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လာကြသည်။

၂၀၁၆ ခုနှစ်တွင် ငွေဆောင်အပန်းဖြေစခန်းသို့ စခန်းဝင်ရောက်ကြမည့် ဘက်စုံပညာထူးချွန်မောင်မယ်များသည် ပြည်သူ့ဘဝလေ့လာရေးအဖြစ် ငွေဆောင်ရွာအနီးရှိ သဇင်ရွာတွင် ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ပုသိမ်မြို့ရှိ ရိုးရာပုသိမ်ထီးလုပ်ငန်း၊ ပုသိမ်ဟာလဝါလုပ်ငန်းတို့အပြင် ကွန်ပျူတာပညာရပ်များနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာတို့ကိုလည်း လေ့လာသိရှိခွင့်ရကြမည်ဖြစ်သည်။

ထို့ပြင် စခန်းတာဝန်ခံဆရာ ဆရာမများ၊ ကျန်းမာရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ဂရုတစိုက်စည်းကမ်းတကျစောင့်ရှောက်ပေးကြသည်။ သိသင့်သိထိုက်သော အသိပညာများ သင်ကြားဝေမျှပေးကြသည်။ အနယ်နယ်အရပ်ရပ်မှ ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိလာကြသည့် ကျောင်းသားအချင်းချင်း တွေ့ဆုံရသည့်အတွက် မတူညီသောဒေသများအကြောင်း၊ အစားအစာများအကြောင်း၊ ရိုးရာယဉ်ကျေးမှုအကြောင်းတို့ကိုလည်း သိခွင့်ရမည်ဖြစ်သည်။

လေးကိုင်းသဖွယ်ကွေးညွတ်နေသော ကမ်းခြေ၏ နေဝင်ချိန်အလှနှင့် အပူပိုင်းသစ်တောများ ပေါက်ရောက်ရာ ရခိုင်ရိုးမနောက်ခံနှင့်အတူ ကမ်းခြေတစ်လျှောက် အုန်းပင်များဖြင့် လှပစွာတန်ဆာဆင်ထားသည့် ဘင်္ဂလားပင်လယ်အော်ကို မျက်နှာမူကာတည်ရှိနေသည့် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းခရီးစဉ်သည် ယခုနှစ်လိုက်ပါမည့် ထူးချွန်မောင်မယ်များအတွက် ဖြူလွလွသဲသောင်ပြင်များပေါ်ရှိ ချစ်စရာခရုခွံလေးများကို အမှတ်တရကောက်ရင်း၊ ပင်လယ်ရေကိုဆော့ကစားရင်း ငွေဆောင်ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာများ၏ လူနေမှုဘဝများ၊ နေထိုင်စားသောက်မှုပုံစံများအား လေ့လာသင်ယူခွင့်ရမည့်နေရာ၊ အပန်းဖြေရင်း ပညာရှာရာစခန်းတစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။

## ✱ မိုးတိမ်တောင်မှ

ဒေါက်တာထွန်းလွင်က တင်ပြထားသည်။ လက်ရှိအချိန်ကာလသည် မိုးကြိုကာလဖြစ်ပြီး အယ်နီညိုရာသီဥတု၏ ပူပြင်းမှုကြောင့် မွန်းလွဲ/ညနေပိုင်းများတွင် အားကောင်းသည့် မိုးတိမ်တောင်များ ဖြစ်ပေါ်တတ်သဖြင့် သတိပြုရန်လိုအပ်ကြောင်းကိုလည်း သုံးသပ်သတိပေးထားသည်။

အလားတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း အချိန်နှင့်တစ်ပြေးညီ မိုးလေဝသ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးနေပြီး မီဒီယာများမှတစ်ဆင့်လည်း ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။ ယင်းအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိုးသီးကြွေကျခြင်း၊ မိုးကြိုးပစ်ခြင်းများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ခြင်းတို့ကို ထုတ်ပြန်အသိပေးနှိုးဆော်လျက်ရှိသည်။

**(၀၀၁)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။



မိုးဟ (စမ်းသပ်) 2016

# ညီမလေးရယ် စိုးရိမ်မိတယ်

**မောင်စွမ်းရည်**

ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့နာမည်ကျော်ဝတ္ထုတစ်ပုဒ်အမည်ပါ။ “ညီမလေးရယ် စိုးရိမ်မိတယ်”တဲ့။ ဘယ်သူက ညီမလေးအတွက် စိုးရိမ်သလဲဆိုတော့ အမျိုးသားတစ်ဦးကပါ။ အမျိုးသားတစ်ဦး (ယောကျ်ားတစ်ဦး)က အမျိုးသမီးတစ်ဦး(မိန်းမငယ်တစ်ဦး)အတွက် စိုးရိမ်မိတယ်လို့ဆိုတာပါ။

ကျွန်တော်က အညာသားတောသားဆိုတော့ ရှေးရိုးမြန်မာဆန်ပါတယ်ဆိုတာဝန်ခံထားနှင့်လိုပါတယ်။ ယောကျ်ားတစ်ဦးက မိန်းမငယ်တစ်ဦးကို “ညီမလေး”လို့ ခေါ်နေတာမျိုးကို သတိမထားလိုက်မိပါဘူး။ အထူးသဖြင့် အောက်သူအောက်သား၊ ရန်ကုန်စာရေးဆရာတွေရဲ့ ဝတ္ထုတွေထဲမှာ “ညီမလေး” ဆိုတဲ့ ယောကျ်ားသုံးဝေါဟာရကို အများကြီးဖတ်ရှုမြင်တွေ့နေရပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အတော်ကြောင်တဲ့ အသုံးအနှုန်းတစ်ရပ်လို့ တွေးထင်နေမိခဲ့ဖူးပါတယ်။

ဗမာလူမျိုး၊ ဗမာစကားရဲ့ ရှေးထုံးစံမှာက “ညီမလေး” ဆိုတာ မိန်းမချင်းခေါ်ကြတဲ့ အသုံးအနှုန်းပါ။ တစ်မိတည်းဖွား၊ တစ်အူထုံ့ဆင်း မိန်းမချင်းကို ခေါ်တဲ့အသုံးအနှုန်းပါ။ ညီမတော်တယ်လို့ ခေါ်ပါတယ်။ အကြီးမက အငယ်မကို “ညီမ” လို့ခေါ်ရပါတယ်။ ယောကျ်ားချင်း၊တစ်မိတည်းပေါက်၊ တစ်အူထုံ့ဆင်းဆိုရင် “ညီအကို” ညီအစ်ကိုတော်တယ်လို့ခေါ်ပြီး အကြီးက အငယ်ကို “ညီ” လို့ခေါ်ရပါတယ်။ “ညီလေး”လို့လည်း ချစ်စနိုးခေါ်ကြပါတယ်။ “ညီလေး”၊“ညီမလေး” မတူဘူးဆိုတာကို ဗမာလူမျိုးတိုင်း သတိထားမိကြမှာပါ။

အစိုးရထုတ်တဲ့ မြန်မာစာလုံးပေါင်းအဘိဓာန်တွေကို စာနယ်ဇင်းတွေက လက်ကိုင်ပြုလေ့ရှိကြပါတယ်။ ဒါပေမယ့် စာနယ်ဇင်းတွေမှာလည်း ယောကျ်ားလေးက သူ့အောက်ငယ်တဲ့ မိန်းကလေးကို “ညီမလေး”လို့ပဲ ခေါ်ဝေါ်သုံးစွဲနေကြပါတယ်။ ကျွန်တော့်မှာ အင်္ဂလိပ်-မြန်မာ အဘိဓာန်ရော၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်ရော၊ မြန်မာစာလုံးပေါင်းအဘိဓာန်ရော လက်တစ်ကမ်းမှာပဲရှိပါတယ်။ ဒါကြောင့် မြန်မာ-အင်္ဂလိပ်အဘိဓာန်ကို ကောက်ကြည့်လိုက်ပါတယ်။ ညီမဆိုတာ Man's younger sister တဲ့။ မိန်းမတစ်ယောက်က သူ့အောက်ငယ်သူကို “ညီမ”လို့ ခေါ်တယ်။ ခြွင်းချက်မရှိပါဘူး။

ဝတ္ထုရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ဝတ္ထု“ညီမလေးရယ် စိုးရိမ်မိတယ်” ထုတ်ဝေခဲ့တာ ကျွန်တော်တို့ မန်းတက္ကသိုလ်ကို ရောက်စအချိန် ၁၉၅၆-၅၇ ခုနှစ်ထက်မဝေးတဲ့ကာလက ဖြစ်ပါတယ်။ ဆရာက မန္တလေးတက္ကသိုလ် (စိတ်ပညာဌာန)က ကထိကပါ။ သူ့ဝတ္ထုထဲမှာ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေရဲ့ နိုင်ငံရေးယုံကြည်ချက်ကို အဓိကထားတာပါရှိပါတယ်။ ဒါကြောင့် ကျောင်းသားခေါင်းဆောင်တစ်ဦးက တက္ကသိုလ်နံရံကပ်စာစောင်မှာ “ Little sister How I Want to go to America” (ညီမလေးရယ် အမေရိကားကို သွားချင်လှတယ်။) ကို ပြန်လည်ချေပသရော်ထားတဲ့ဆောင်းပါးတစ်ပုဒ်ပါရှိဖူးပါတယ်။ သူ့ခေတ်နဲ့သူ အတော်နာမည်ကြီးတဲ့ ဆောင်းပါးဖြစ်ပြီး တက္ကသိုလ်ကျောင်းအုပ်ကြီး ကိုယ်တိုင်ရော၊ အင်္ဂလိပ်စာပါမောက္ခရော အဲဒီနံရံကပ်စာစောင်မှာရပ်ပြီး ဖတ်ဖူးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ “ညီမလေး” ဆိုတဲ့ အသုံးအနှုန်းကို ဒီနေ့ထိ သတိရနေမိတာပါ။

“ညီမလေး”ဆိုတဲ့ စကားလုံးကို အမျိုးသားတွေက မှားပြီး သုံးစွဲလာခဲ့တာ ရာစုနှစ် တစ်ဝက်မက ကျော်လာခဲ့ပြီ ဆိုတာကိုပါ သတိထားလိုက်မိပါတယ်။

တစ်ခါက ကျွန်တော့်မှာ အစ်မကြီး ကဗျာဆရာမ ဒေါ်နုယဉ် စိတ်ခုတာကို ခံခဲ့ရဖူးပါတယ်။ ကျွန်တော်က ဆောင်းပါးတစ်ခုမှာ “ကဗျာဆရာမကြီး ဒေါ်နုယဉ်ဟာ ကဗျာဆရာကြီး မင်းသုဝဏ်ရဲ့“နှမ”လို့ရေးလိုက်ပြီး နောက်က လက်သည်းကွင်းထဲမှာ (“ညီမ” မဟုတ်)လို့ ကွန့်လိုက်မိပါတယ်။ အဲဒါကို ဖတ်မိတဲ့ ရန်ကုန်သူ မိန်းကလေးတစ်ယောက်က အစ်မကြီးဒေါ်နုယဉ်ရဲ့အိမ်ကို ရောက်သွားတော့ အန်တီ၊ ဆရာဦးစွမ်းရည်က အန်တီ့ကို ဆရာကြီး မင်းသုဝဏ်ရဲ့ “ညီမ”မဟုတ်လို့ရေးထားတာ ဖတ်လိုက်ရတယ်လို့ သတင်းပေးလိုက်ပါလေရော။ အစ်မကြီးက ဒေါပွတာပေါ့။ ကျွန်တော်ကလည်း ဆရာဦးတက်တိုး-ဒေါ်နုယဉ်တို့အိမ်ကို အလည်အပတ်သွားနေကျပါ။ အဲဒီသတင်းကိုကြားပြီး နောက်တစ်ရက်၊နှစ်ရက်အတွင်းမှာ ကျွန်တော့်ဆရာ ဦးတက်တိုး- ဒေါ်နုယဉ်တို့ အိမ်ကိုအလည်ရောက်သွားမိပါတယ်။ အစ်မကြီးဒေါ်နုယဉ်က ဆီးကြိုပြီး “ဒီမယ် ကိုစွမ်းရည်။ ကျုပ်က ဆရာမင်းသုဝဏ်ရဲ့ညီမ မဟုတ်ဘူးလို့ ရေးထားတယ်ဆို။ ကျုပ်က ညီမ မဟုတ်လို့ ဘာဖြစ်ရမှာလဲ” လို့ အငေါ်တူးပါလေတော့တယ်။ ကျွန်တော်လည်း ရုတ်တရက်တော့ ကြောင်သွားပြီး ဘာပြောမှန်းမသိဖြစ်နေဆဲမှာ ဆရာကြီးတက်တိုးက ကြားဝင်လိုက်ပါတယ်။ “ဟေ့နေဦး။ အဲဒီဆောင်းပါး ငါလည်းဖတ်ရပါတယ်။ ဒါက မင်းတို့အောက်သူတွေ နားမလည်တဲ့ကိစ္စပါ။ ဒါက ငါတို့ အညာသားတွေမှ သဘောပေါက်တာ။ ဆရာမင်းသုဝဏ်ရဲ့ ညီမလို့ မရေးရဘူး။ “နှမ”လို့ ရေးရတယ်လို့ ဆိုလိုတာ။ “ညီမ”ဆိုတာ မိန်းမချင်းမှ သုံးရတာ။ ယောကျ်ားတစ်ယောက်က တစ်မိတည်းပေါက်၊ တစ်အူထုံ့ဆင်း မိန်းမငယ်တစ်ယောက်ကို မောင်နှမတော်တယ်လို့ ခေါ်တယ်။ ဒါကြောင့် “နှမ”လို့ ခေါ်ရတယ်။ “ညီမ”ဆိုတာ ယောကျ်ားက မသုံးရဘူး”လို့ ဝင်ပြီး ပြောလိုက်တော့မှ ရှင်းသွားပါတယ်။

“မင်းတို့ပွဲကြည့်တော့ ဇာတ်ပွဲထဲမှာ မင်းသားမင်းသမီး နှစ်ပါးသွားခန်းမှာဆိုရင် “နှမတော်မိမိငဲ့”၊ “နှမတော်လေးငဲ့”လို့ ခေါ်ကြတာ သတိမထားမိဘူးလား။ အဲဒါမှ အမှန်လို့လည်း ဖြည့်ပြီးပြောလိုက်ပါသေးတယ်။ ဒီလို ဆရာကြီးတက်တိုးက ဝင်ပြောလိုက်တော့မှ အစ်မကြီးကလည်း မောင်ငယ် ကဗျာဆရာအတွက် ကော်ဖီတစ်ခွက်ကို ထုံးစံအတိုင်း လာချရုံမက မုန့်တွေပါ လာချပါသေးတယ်။ အစ်မကြီးကော်ဖီသွားယူနေတုန်း ကျွန်တော်က ဆရာ့နားကပ်ပြီး ကျွန်တော့်ရဲ့ ဘာသာစကား၊ သုတေသနကို ဖြည့်ပြောလိုက်ပါသေးတယ်။ “ဆရာရေ ရန်ကုန်မှာ ရပ်ကွက်ထဲ ကလေးတွေရန်ဖြစ်ကြလို့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဆဲကြရင်တော့ “နှမပေး” လို့ပဲ ရိုးရာမပျက်ဆဲကြလေရဲ့”လို့။

နောက်တစ်မျိုး “ဒုက္ခ”လည်း ရှိပါသေးတယ်။ “ယောက္ခမ” ကိစ္စပါ။ “ယောက္ခမ”ဆိုတာ တည့်အောင်ပေါင်း၊ ကျောင်းကိုထုတ်။ ဥပုသ်ရက်ရှည် စောင့်ခိုင်းမှာဆိုတဲ့ ဆရာမြို့မငြိမ်းရဲ့သီချင်းဟာ “သိကြားမင်း”နဲ့ “အသူရာ” တို့ စစ်ခင်းကြတာဆိုတော့ ယောက္ခမဆိုတာ ဇနီးရဲ့ အမေကို ဆိုလိုတာဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် ယောက္ခမဆိုတာ ဣတ္ထိလိင်၊ ပုလ္လိင် နှစ်မျိုးလုံးရပါတယ်။ ဇနီး၊ ခင်ပွန်းရဲ့ အမိအဖတွေကို ခေါ်တာပါ။ ဒါပေမယ့် ယောက္ခထီးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ စကားလုံးပါ။ ခုတော့ စာနယ်ဇင်းတွေထဲမှာ အတည်တကျ သုံးနေကြတာကို အံ့သြဖွယ်တွေ့နေရပါတယ်။ တချို့ကတော့ တစ်ခါတလေ နောက်ပြောင်ပြောတာပါလို့ ဆိုသူက ဆိုကြပါရဲ့။ ကိုယ့်ဇနီးရဲ့ဖခင်ရှေ့မှာတော့ ယောက္ခထီးလို့ မသုံးရဲဘူးတဲ့။ အမေကိုရော အဖေကိုရော ယောက္ခမခေါ်လို့ ရတာကိုတော့ နိုင်ငံခြားသားဖြစ်တဲ့ ဦးလှသိန်းခေါ် ဂျွန်အိုကယ်တို့၊ ကိုရွှေဘလို့ ခေါ်တဲ့ ယာဘူးတို့တောင်သိကြပါတယ်။ ခွဲခြားခေါ်ချင်ရင်တော့ တစ်မျိုးစီ သီးခြားရှိတာကိုလည်း သူတို့ သိပါတယ်။ သူတို့က မြန်မာအဘိဓာန်ကို ကိုင်ထားကြလို့ သိကြတာပါ။ ယောက္ခမရဲ့ အမေကို ယောက္ခမမိန်းမသူလို့ ခေါ်ပါတယ်။ ယောက္ခမရဲ့အဖေကို ယောက္ခမယောကျ်ားသူလို့ ခေါ်ပါတယ်။ ဒေါ်ဒေါ်လူထုဒေါ်အမာတို့ အဲဒီလို သုံးကြတာကို မန္တလေးမှာ မကြာခဏကြားခဲ့ရဖူးပါတယ်။ မှတ်သားကြဖို့ ကောင်းပါတယ်။ အဲဒါ ဗမာစကားလုံးစစ်စစ်ပါပဲ။ ခုမှ တီထွင်ထားတာ မဟုတ်ပါဘူး။

အမေရိကားမှာ တချို့ဗမာတွေ (တော်တော်များများ)လည်း ဒီစကားတွေ မကြားဖူးဘူးတဲ့။ မှတ်ထားကြလို့ပြောတော့ မှတ်ထားပြီး လူတောသူတောမှာ သုံးမိရင် လူနားမလည်လို့ သုံးမိသူမှာ လူရယ်စရာဖြစ်မှာပေါ့တဲ့။ ဒါလည်း ဟုတ်မှာပါပဲ။ ဘာသာစကားဆိုတာ ပညာရှိတွေက ဆုံးဖြတ်ကြတာ မဟုတ်ဘဲ “အများညီရင် ဤကိုကျွဲဖတ်ရတယ်” ဆိုသကိုး။ အများမသုံးတော့ရင် သုံးလို့ မရပြန်ဘူး။

ကျွန်တော်က သူတို့စိတ်ချလက်ချသုံးနိုင်အောင် အဘိဓာန်တွေပါ လှန်ပြတာပါ။ ရန်ကုန်စာနယ်ဇင်းတွေလည်း အဘိဓာန်သုံးကြပေမယ့် ဒီလို စကားလုံးကျတော့ မှားမှန်းမသိလို့ စစ်ဆေးကြည့်ရှုစရာမလိုဘူးဆိုပြီး ကိုယ့်ဘာသာ သေချာနေတာနဲ့ အဘိဓာန်မလှန်ကြတာ ဖြစ်ပုံရပါတယ်။ ကျွန်တော်က ရန်ကုန်ကလာတဲ့ စာရေးဆရာတွေကို အဘိဓာန်လှန်ပြပါတယ်။ နယူးယောက်မှာပါ။ ယောက္ခမဆိုတာ “Parents in Law”တဲ့။ အဖေနဲ့အမေ နှစ်ဦးနှစ်ဖက်လုံးနဲ့ သက်ဆိုင်တာပါ။ ယောက္ခမမိန်းမသူဆိုတာ “Mother in Law”တဲ့။ ယောက္ခမယောကျ်ားသူကတော့ “Father in Law ”တဲ့ ဗျား။ ကိုယ့်အမျိုးကိုယ်မှမှန်အောင်မခေါ်နိုင်ရင် ရှက်စရာမဟုတ်လား။ ရှက်တတ်ရင်ပေါ့ဗျာ။

ခုခေတ်အိမ်ထောင်ရှင်တွေက လူလည်တွေပါ။ ကိုယ့်ယောက္ခမတွေကို “အဖေ၊ အမေ”တဲ့ ခေါ်တတ်လိုက်ကြတာ။ ဒါကလည်း ခုတော့ ခေတ်ယဉ်ကျေးမှု ဖြစ်နေပြီထင်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ အဖေအရင်း၊ အမေအရင်းနဲ့ သူ့အဖေ၊ သူ့အမေခွဲပြောဖို့ လိုလာရင်တော့ သူ့အဖေ၊ သူ့အမေလို့ပဲ ပြောကြပြန်ရော။ လိုလျှင်ကြံဆ၊ နည်းလမ်းရကြတာပါပဲ။ ယောက္ခမ မိန်းမသူ၊ ယောက္ခမယောကျ်ားသူတို့တော့ ဘယ်သူမှ မသုံးကြဘူးတဲ့လေ။ ကိုယ်ကသုံးတတ်လို့ သုံးချင်လို့သုံးလိုက်ဦးတော့ တစ်ဖက်လူက နားစိမ်းနေရင် ဒုက္ခမဟုတ်လား။ ခုလည်း ကိုယ့်စာ၊ကိုယ့်စကားမှာ အပြည့်အစုံရှိပြီးသားဆိုတာ ဂုဏ်ယူသိရှိရအောင် ရေးလိုက်ရတာပါ။ ဆရာလုပ်မှ လုပ်ရစေတော့လို့ရေးတာ မဟုတ်ရကြောင်းပါ။ ကိုယ့်ခင်ပွန်း၊ကိုယ့်ဇနီးနဲ့ ဆိုရင်တော့ ခေါ်ချင်သလို ခေါ်ကြပေါ့။ အချင်းချင်းနားလည်ရင် ပြီးတာပါပဲ။ ကိုဟိုဒင်း၊ မဟိုဒင်းလို့ပဲခေါ်ခေါ်၊ ကိုကို၊မမလို့ပဲ ခေါ်ခေါ်။ ဘကြီးရဲ့ဇနီးလို ဟင်း-ဟင်းလို့ ပဲခေါ်ခေါ်။ ။

## စတော့ရှယ်ယာဈေးကွက်အပေါ် အများပြည်သူ စိတ်ဝင်စားမှုရှိနေဆဲဖြစ်
## မေလအတွင်း စာရင်းဝင်ကုမ္ပဏီတစ်ခုမှ အစုရှယ်ယာများ ထပ်မံရောင်းချသွားမည်

**ရန်ကုန် မေ ၂၄**

ပြီးခဲ့သည့် မတ်လ ၂၅ ရက်က ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာရောင်းချမည့် စာရင်းဝင်ကုမ္ပဏီများအနက် FMI ကုမ္ပဏီက အစုရှယ်ယာ စတင်ရောင်းချခဲ့ပြီး စတော့ရှယ်ယာဈေးကွက်အပေါ် အများပြည်သူ အထူးစိတ်ဝင်တစား စောင့်ကြည့်လေ့လာလျက်ရှိကာ စိတ်ဝင်စားမှု ရှိနေဆဲပင်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုဈေးကွက်တွင် စတော့ရှယ်ယာနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသေးသော်လည်း စိတ်ဝင်တစားစောင့်ကြည့်လေ့လာသူများပြားပြီး လာမည့် မေလအတွင်းတွင် ဒုတိယမြောက်ကုမ္ပဏီဖြစ်သော သီလဝါအများပိုင်ကုမ္ပဏီက အစုရှယ်ယာများ ရောင်းချသွားနိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

FMI ကုမ္ပဏီ၏ အစုရှယ်ယာ စတင်ရောင်းချခဲ့သည့် ရက်သတ္တပတ်တွင် ရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဝယ်လိုအား မြင့်တက်ခဲ့ကာ သကြ်န်ကာလမတိုင်မီ၊ ဈေးကွက်မပိတ်ခင်ကာလတွင်မူ ရှယ်ယာဈေးနှုန်းများ ပြန်လည်ကျဆင်းမှုများဖြစ်ပေါ်ခဲ့သည်။ သင်္ကြန်ကာလအပြီး ဈေးကွက်ပြန်ဖွင့်ချိန်တွင် အစုရှယ်ယာတစ်စုတန်ဖိုး ကျပ် ၃၂၀၀၀ ခန့် ဖြစ်လာပြီး စိတ်ဝင်တစားဝယ်ယူသူများရှိလာကာ ထပ်မံ၍ ဒုတိယမြောက် ရှယ်ယာရောင်းချမည့် သီလဝါကုမ္ပဏီ၏ အစုရှယ်ယာရောင်းချမည့် အစီအစဉ်ကိုလည်း လေ့လာစောင့်ကြည့်လျက်ရှိသည်ဟု ဈေးကွက် အတွင်းမှ သိရသည်။

“စတော့ရှယ်ယာဈေးကွက်ကတော့ စောင့်ကြည့်နေဆဲပဲဖြစ်ပါတယ်။ စိတ်ဝင်စားမှုတော့ ရှိပါတယ်။ လုံးဝမရှိတာထက်စာရင် စတော့အိတ်ချိန်းဖြစ်ပေါ်လာပြီ။ ဗီယက်နမ်ဈေးကွက်လို ဖြစ်လာမလား၊ တကယ့် နိုင်ငံတကာဈေးကွက်လို ဖြစ်လာမလား ဆိုတာကတော့ ပြောဖို့ စောပါသေးတယ်။ အခုမှ စလုံးရေ စပဲ ရှိသေးတာကို။ သတိပြုစောင့်ကြည့်ရမှာပေါ့။ ကုမ္ပဏီကြီးတွေ နှစ်ပေါင်းများစွာ လုပ်လာတဲ့ကုမ္ပဏီတွေကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ထားဖို့ကို စိတ်ဝင်စားပါတယ်။ ရုပ်လုံးမပေါ်သေးတဲ့ အနေအထားတွေကိုတော့ ရင်းနှီးမြှုပ်နှံမှု မလုပ်ရဲသေးဘူး။ အိမ်၊ ခြံ၊ မြေ၊ ကား၊ ရွှေ ဒေါ်လာတွေကလည်း ကိုင်မထားချင်ဘူး။ ဒါကြောင့် စတော့မားကက်ကိုတော့ စောင့်ကြည့်နေတုန်းပါပဲ”ဟု လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။




“ရှယ်ယာရောင်းဖို့ ပြင်ဆင်နေတဲ့ ကုမ္ပဏီတွေမှာ ရှယ်ယာရောင်းဖို့အတွက် သူတို့ရဲ့ပြင်ဆင်နေမှုတွေနဲ့ဆိုင်ပါတယ်။ အခု ထပ်ရောင်းမယ့် ကုမ္ပဏီဆိုရင် ဧပြီလကုန် စရောင်းဖို့ ပြင်ဆင်နေတာပါ။ ဒါပေမယ့် မေလထဲမှာ စရောင်းဖြစ်မယ်ထင်ပါတယ်”ဟု ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ ထုတ်ရောင်းမည့် အများပိုင်ကုမ္ပဏီ ခြောက်ခုကိုရွေးချယ်ထားခဲ့ရာ First Myanmar Investment Co.,Ltd၊ First Private Bank Ltd၊ Great Hor Kham Public Co.,Ltd၊ Myanmar Agribusiness Public Corporation Ltd၊ Myanmar Citizen Bank Ltd၊ Thilawa SEZ Holding Public Ltd တို့မှ ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများကို စတင်ရောင်းချပေးနိုင်ရန် ပြင်ဆင်လျက်ရှိရာတွင် ပထမဦးစွာ F.M.I ကုမ္ပဏီက ရှယ်ယာများကို မတ် ၂၅ ရက်က စတင်ရောင်းချခဲ့ပြီး ဒုတိယအနေဖြင့် သီလဝါအများပိုင်ကုမ္ပဏီက မေလအတွင်း ရှယ်ယာများ ဆက်လက်ရောင်းချသွားနိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု သိရသည်။

**(ဆုနှင်းလဲ့)**

# အထက်အောက်ပူးပေါင်းဆောင်ရွက်မှုလိုအပ်ချက်-မြို့ပြဖွံ့ဖြိုးမှုကဏ္ဍမှ အတွေ့အကြုံများ

ဒေါက်တာကျော်လတ်

မိမိတို့တိုင်းပြည်၊ မိမိတို့စနစ်တွင် အထက်နှင့်အောက်၊ လူတစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်သည် အခြားတစ်ဦး၊ အခြားအဖွဲ့အစည်းတစ်ရပ်ထက် အဆင့်မြင့်သည်၊ အဆင့်နိမ့်သည်ဟူ၍ ရှိကြသည်။ အခြားမည်သည့် တိုင်းပြည်၊ မည်သည့်စနစ်တွင်မဆိုလည်း ထိုကဲ့သို့ အထက်အောက်အဆင့်တို့ ခွဲခြားကွာခြားခြင်းများ ရှိကြပေမည်။

ထိုရာထူး၊ အဆင့်အတန်းခွဲခြားထားခြင်းသည် ကွဲပြားသောလုပ်ငန်းများကို ခွဲခြားတာဝန်ယူကြရခြင်းကို အခြေခံသင့်ကြသည်။ ထို့ကြောင့်လည်း ထိုသို့ခွဲခြားထားခြင်းသည် လိုအပ်ချက်ဖြစ်ပေမည်။ သို့သော် ရာထူးအဆင့်အတန်းနှင့် အဖွဲ့အစည်းတို့ ကွာခြားကြစေကာမူ တစ်ဦးနှင့်တစ်ဦး တိုင်ပင်နှီးနှော၍ ပူးပေါင်းဆောင်ရွက်ကြခြင်းသည် များစွာသော လုပ်ငန်းရပ်တို့တွင် အကျိုးရှိသည်၊ လိုအပ်သည် သို့မဟုတ် ပိုမိုအောင်မြင်သည်ဟု သုံးသပ်လိုပါသည်။ စာရေးသူသည် မြို့ပြစီမံကိန်းပညာဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်နီးပါးအတွင်း မြန်မာပြည်နှင့် အချို့နိုင်ငံတို့တွင် လုပ်ကိုင်ခဲ့ပါသည်။ ထိုအတွေ့အကြုံများကို အခြေခံပြီး မိမိတို့မြန်မာပြည်တွင် အထက်အောက်၊ ဘေးဘယ်ညာပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတိုင်ပင်မှု လွန်စွာအားနည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ချက်ကြောင့် မြန်မာပြည်တွင် အမှားအယွင်းများနှင့် အလေအလွင့်များ ပေါ်ပေါက်ခဲ့ရပါသည်။ အောက်တွင်ဖော်ပြချက်မှာ လက်တွေ့ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ပေါင်းများစွာမှ ဖြစ်ရပ်တစ်ခုကိုသာ ရွေးချယ်ဖော်ပြခြင်းဖြစ်ပါသည်။ မိမိအတွေ့အကြုံ ပြင်ပဖြစ်ရပ်ဥပမာ များစွာရှိပါဦးမည်။

လွန်ခဲ့သော ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းကဟု မှတ်မိပါသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မိမိအပါအဝင် အခြားသော ဘာသာရပ်ဆိုင်ရာပညာရှင်များကို အထူးအစည်းအဝေး ဖိတ်ကြားခဲ့ပါသည်။ ထိုစဉ်က ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကုမ္ပဏီကြီးတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်၍ မန္တလေးမြို့ ကျုံးဘေး (၂၆) လမ်းတွင် ဆောက်လုပ်လျက်ရှိရာ ထိုအဆောက်အအုံများကိစ္စနှင့် ပတ်သက်၍ ပညာရှင်များသဘောထားကို မှတ်တမ်းတင်လို၍ အစည်းအဝေး ခေါ်ဆိုရခြင်းဖြစ်ပါသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်၏ ရှေးဟောင်းလက္ခဏာကို ထိန်းသိမ်းသည့်အနေဖြင့် မန္တလေးနန်းမြို့ရိုးပတ်ဝန်းကျင်တွင် အမြင့် ၄၆ ပေ၊ လေးထပ်ခန့်ထက်ပိုသော အဆောက်အအုံကြီးများကို ခွင့်မပြုဆိုသော စည်းကမ်းတစ်ရပ်ကို ထားရှိကျင့်သုံးပါသည်။ ထိုစည်းကမ်းမှာလည်း မိမိရေးသားသော စာပေများအပါအဝင် အခြားစာပေများမှ ညှိနှိုင်းတွက်ချက်ထားကြခြင်းဖြစ်ပါသည်။ ထိုစည်းကမ်းကို ထိုစဉ်က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့ကလည်း လက်ခံထားကြပါသည်။ ထိုစည်းကမ်းကို လျစ်လျူရှု၍ ပုဂ္ဂလိကကုမ္ပဏီကြီးက ဆောက်ရန်ရှိသော အစီအစဉ်တွင် အဆောက်အအုံတို့သည် ကိုးထပ်နှင့် floor Area Index ခေါ် ကြမ်းခင်းဧရိယာ သိပ်သည်းမှုမှာလည်း လွန်စွာမြင့်မားပါသည်။ အစည်းအဝေးတွင် ဘက်ပေါင်းစုံမှပါဝင်သော ပညာရှင်များ၊ မန္တလေးမြို့ကိုချစ်၍ မန္တလေးမြို့၏ ရှေးမူဟန်ကို ထိန်းသိမ်းလိုသူ မြို့မိမြို့ဖများက ဆောက်လုပ်မည့်အစီအစဉ်ကို ဆန့်ကျင်ကြသည်ဆိုသည်မှာ ပြောစရာလိုအပ်မည်မဟုတ်ပေ။ ထိုသို့ မှားယွင်းကြခြင်းနှင့်ပတ်သက်၍ မေးခွန်းပေါင်းများစွာ ပေါ်ပေါက်ပေမည်-

၁။ သက်ဆိုင်ရာဝန်ကြီးဌာနတွင် သက်ဆိုင်ရာပညာရှင်ပေါင်းများစွာရှိပါလျက်နှင့် စာချုပ်မချုပ်ဆိုမီ စိစစ်မှုများမပြုလုပ်သင့်ပေဘူးလား။

၂။ သက်ဆိုင်ရာပုဂ္ဂလိကကုမ္ပဏီကြီးအတွက် ပုံစံဆွဲရသော ဗိသုကာတို့အတွက် မေးရန်မှာ မိမိတို့ဗိသုကာပညာတွင် ပထမဦးစွာခဲတံမကိုင်မီ၊ ဒီဇိုင်းပုံစံစ၍မထုတ်လုပ်မီ ဆောက်လုပ်မည့်နေရာ၏ အခြေအနေကိုလေ့လာရသည်ဆိုသည်မှာ ဗိသုကာပညာတွင် လွန်စွာအခြေခံကျသော အချက်ဖြစ်သည်။ မည်သို့သောအကြောင်းကြောင့် ထိုအခြေခံကျသောအဆင့်ကို လစ်ဟင်းခဲ့ပါသနည်း။

၃။ မည်သည့်ဌာန၊ မည်သည့်အဆင့်၏ ခွင့်ပြုချက်ကိုရရှိပြီးသည်ပင် ဖြစ်စေ၊ မန္တလေးမြို့တွင်ပင်ဖြစ်စေ၊ မည်သည့်အခြားမြို့တွင်ပင်ဖြစ်စေ သက်ဆိုင်ရာမြို့၏ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းထံတွင် Building Permit ခေါ် ဆောက်လုပ်ခွင့်ပါမစ်ကို လျှောက်ထားရယူရသည်။ မည်သို့သောအကြောင်းကြောင့် ထိုလုံးဝအခြေခံကျသော လုပ်ငန်းအဆင့်၊ လုပ်ရမည့်တာဝန်ကို လစ်ဟင်းပျက်ကွက်ခဲ့ပါသနည်း ။ (မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကို ဆောက်လုပ်ခွင့်မတောင်းခံခဲ့သည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းများစပြီး၊ မြေတူးကြပြီး၊ မြေသယ်ကြရင်း လမ်းပိတ်ဆို့မှုဖြစ်မှ စည်ပင်ကသွားရောက်ဖြေရှင်းပေးရရင်း ထိုသို့မြို့တော်စည်ပင်စည်းကမ်းနှင့် ကိုက်ညီမှုမရှိဘဲ အထပ်မြင့်များ ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်းသိကြရသည် ဆိုပါသည်)

အထက်ပါ ဖြစ်ရပ်၏ဇာစ်မြစ်မှာ အထက်အောက်ဆက်ဆံရေးပင်ဖြစ်မည်ဟု စာရေးသူယူဆရပါသည်။ "အထက်မှ ဆုံးဖြတ်ခဲ့သော အစီအစဉ် အောက်နှင့်ညှိနှိုင်းစရာမလို" ဆိုသော ခံယူချက်ပင်ဖြစ်မည်ဟု ယူဆပါသည်။

မန္တလေးမြို့ ကျုံးဘေး (၂၆) လမ်းကိစ္စ မည်သို့ဆုံးဖြတ်ကြသည်ကို စာရေးသူ အတိအကျ မသိရပါ။ သို့သော် နှစ်ဦး နှစ်ဖက်အလျှော့အတင်း လုပ်ကြမှ ဖြစ်ပေမည်။ မန္တလေးမြို့တော် စည်ပင်ဘက်မှ လျှော့ပေးရလျှင် မန္တလေးမြို့၏ ရှေးမူဟန်ကို ထိန်းသိမ်းရန် အစီအစဉ်ပျက်စီးပေမည်။ ကန်ထရိုက်ဘက်မှလျှော့၍ ပုံစံပြောင်းရလျှင် အလေအလွင့်များနှင့် ကြုံရမည်။ နဂိုမူလတွက်ချက်ခြင်းနှင့်စာလျှင် အမြတ်နည်းပေမည်။

အထက်တွင် တင်ပြခဲ့သည်မှာ မြို့ပြဖွံ့ဖြိုးမှုကဏ္ဍမှ မန္တလေးမြို့တွင် ကြုံတွေ့ခဲ့ရသော အထက်အောက်ပူးပေါင်းဆောင်ရွက်ရေးတွင် အားနည်းချက်တစ်ရပ်မှ ဥပမာတစ်ရပ်သာဖြစ်ပါသည်။ အခြားမြို့များ၊ ဥပမာ- ရန်ကုန်မြို့တွင်လည်း ထိုကဲ့သို့အလားတူ ဥပမာများ များစွာတင်ပြနိုင်ပါသည်။ မြို့ပြဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးရသော် မြန်မာပြည်တွင် ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်စသော အချို့မြို့တို့တွင်သာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့တွင် အထိုက်အလျောက်အဆင်ပြေနေပြီး အခြားသော တိုင်းဒေသကြီးများတွင် များစွာလိုအပ်လျက်ရှိခြင်းသည် ရေရှည်အားဖြင့် တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ပေမည်။ ထိုသည်ကို တုံ့ပြန်ရန်မှာ တိုင်းဒေသကြီးများရှိ မြို့တော်များနှင့် မြို့ပြစီမံကိန်း ပညာအခေါ် "Secondary towns" ခေါ် ဒုတိယအဆင့် မြို့အလတ်စားများတွင်လည်း ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရန် လွန်စွာအရေးကြီးပေသည်။ ထိုမြို့များ ဖွံ့ဖြိုးရန်အတွက်မှာမူ အလုပ်အကိုင်နှင့် စက်ရုံ၊ အလုပ်ရုံများပေါ်ပေါက်ရန် လုံလောက်သော စွမ်းအင်ဖြန့်ဖြူးရေးနှင့် အထွေထွေဖွံ့ဖြိုးရန် အထက်အောက် ပူးပေါင်းဆောင်ရွက်ရေးပင် ဖြစ်ပေမည်။

**တိုင်းဒေသကြီးများရှိ မြို့တော်များနှင့် မြို့ပြစီမံကိန်း ပညာအခေါ် "Secondary towns" ခေါ် ဒုတိယအဆင့် မြို့အလတ်စားများတွင်လည်း ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရန် လွန်စွာအရေးကြီးပေသည်။ ထိုမြို့များ ဖွံ့ဖြိုးရန်အတွက်မှာမူ အလုပ်အကိုင်နှင့် စက်ရုံ၊ အလုပ်ရုံများပေါ်ပေါက်ရန် လုံလောက်သောစွမ်းအင်ဖြန့်ဖြူးရေးနှင့် အထွေထွေ ဖွံ့ဖြိုးရန် အထက်အောက် ပူးပေါင်းဆောင်ရွက်ရေးပင် ဖြစ်ပေမည်။**

ယခုအချိန်အခါ စတင်တာဝန်ယူမည့်အစိုးရအသစ်သည် ယခင်အခါမှ အတွေ့အကြုံများကို အခြေခံ၍ "ဌာနဆိုင်ရာများ၊ အထက်အောက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများအပြင် လွန်စွာအရေးကြီးသည်မှာ အထက်နှင့်အောက် ပွင့်လင်းစွာပြန်လည်တင်ပြနိုင်သောစနစ်"ကို လက်ခံကျင့်သုံးသင့်ပေသည်။ ။

## စဉ့်ကိုင်မြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့် နေအိမ်များပျက်စီးခြင်း၊ တိရစ္ဆာန်များသေဆုံးခြင်းအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်



**စဉ့်ကိုင် မေ ၂၄**

မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့် စဉ့်ကိုင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၁ အုပ်စု ကျေးရွာပေါင်း ၁၉ ရွာတို့တွင် နေအိမ်များ ပျက်စီးခြင်းနှင့် မွေးမြူရေးတိရစ္ဆာန်များ သေဆုံးခြင်းတို့အတွက် မေ ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကံကြီးကျေးရွာသို့ သွားရောက်ပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံ အားပေးစကားပြောကြားကာ သွပ်အချပ်ရေ ၃၀၀၀၊ မိုးကာ ကိုက် ၁၀၀ ပါ နှစ်လိပ်နှင့် ငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်က ကံကြီးကျေးရွာ (အမက)အတွက် အမိုးသွပ် ၂၆၅ ချပ်တို့ကို တာဝန်ရှိသူများနှင့်အတူ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာများအတွင်း နေအိမ်များ ပျက်စီးနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်းတွင် မိုးသက်လေပြင်းများ တိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့် ကံကြီး၊ ကြက်မျှား၊ ဝံပတေ့(မ)၊ တပ်ကြီး၊ ရွာသစ်၊ ကတိုး၊ စွန်ရဲ၊ တောမ၊ ပတ္တာ၊ ဖလံပင်ကုန်း၊ တအုံ(ရှေ့)၊ တအုံ(နောက်)၊ ဆောက်အင်း၊ မြောက်တောကြီး၊ သင်္ဂတုံ၊ ကျွန်းဦး၊ ဒေါင့်ကြီးကွေ့၊ ညောင်ပင်သာ၊ အုတ်ဖိုပြင် စသည့်ကျေးရွာပေါင်း ၁၉ ရွာတွင် ဘုရား သုံးဆူနှင့် ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း ထိခိုက်ပျက်စီးခြင်း၊ စာသင်ကျောင်း ခုနစ်ကျောင်း အမိုးများပျက်စီးခြင်း၊ အိမ်ခြေ ၇၆၆ လုံး အမိုးများပျက်စီးခြင်း၊ ဆိတ် ၂၂၈ ကောင်၊ နွား ၁၂ ကောင်၊ ဝက်နှစ်ကောင်နှင့် ကျွဲတစ်ကောင်သေဆုံးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်အတွက် စေတနာရှင်ပြည်သူများမှ လှူဒါန်းသည့်စားသောက်ဖွယ်ရာ မျိုးစုံနှင့် ငွေကျပ် ၁၆၆၈၀၀၀ တို့ကိုကျေးရွာပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## ဟားခါးမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဟားခါး မေ ၂၄**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောင်းချလျက်ရှိသော ကြက်နှင့် ကြက်ဥများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မုံရွာမြို့များမှ တင်ပို့လာခြင်းဖြစ်သည့်အတွက် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကူးစက်မှု မရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဟားခါးမြို့ရှိ မြို့မဈေးနှင့် ကြက်ဥရောင်းချသည့်ဆိုင်များ၌ မေ ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမှိန်းထန်းဇီးတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့သည် ရောင်းချလျက်ရှိသော ကြက်များအား ကြက်ငှက်တုပ်ကွေးရောဂါ ရှိ၊ မရှိ သွားရောက်စစ်ဆေးခဲ့ပြီး မုံရွာမြို့ ကြက်မွေးမြူရေးဇုန်ရှိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကာ မုံရွာမြို့မှ တစ်ဆင့်တင်ပို့ရောင်းချလျက်ရှိသော ကြက်နှင့်ကြက်ဥများကို ခေတ္တဝယ်ယူ ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြန်မာ့စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲရာတွင် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး ကျော်လွှားရမည့်အခက်အခဲများ

**ရန်ကုန်   မေ ၂၄**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI)၌ မေ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်တာတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲပထမနေ့တွင် ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ထုတ်ကုန် သုံးဆတိုးမြှင့်၍ တင်ပို့နိုင်ရန်၊ နယ်စပ်မှ တရားမဝင်ကုန်သွယ်ခြင်းများအား တားဆီးနိုင်မည့်နည်းလမ်းများရှာဖွေရန်၊ သွင်းကုန်များအား စားသုံးသူကာကွယ်ရေးအရ ကုန်ပစ္စည်းအညွှန်းတွင် မြန်မာစာ (သို့မဟုတ်) အင်္ဂလိပ်စာဖြင့် ရေးသားဆောင်ရွက်ရန်၊ ပို့ကုန်/သွင်းကုန် လိုင်စင်ကိစ္စရပ်များအား ဥပဒေဆိုင်ရာကိစ္စရပ်များဖြင့် ညှိနှိုင်းရန် စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် စက်မှုဇုန်များတည်ဆောက်မှုကို စနစ်တကျလုပ်ဆောင်ရန်၊ ပို့ကုန်မြှင့်တင်နိုင်ရန် ပိုမိုဆောင်ရွက်ဖို့လိုသော်လည်း သွင်းကုန်ကဏ္ဍအတွက်ပါ စဉ်းစားအဖြေရှာရန်၊ စက်မှုဇုန်များ၏ စီမံခန့်ခွဲမှု ပိုကောင်းစေရန် ဒေသဆိုင်ရာအာဏာပိုင်များအား လုပ်ကိုင်ခွင့်ပိုပေးနိုင်ရန်၊ လယ်ယာနှင့်စက်မှုကိုအခြေခံ၍ ကုန်သည်/စက်မှုအသင်းချုပ်မှ ညီနောင်အသင်းများအား Capacity ပြည့်လာစေရန် လုပ်ဆောင်သွားရန်၊ ပို့ကုန်တိုးတက်ရေးအတွက် စက်မှုဇုန်များအပေါ် အလေးထားရန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နယ်စပ်ကုန်သွယ်ရေးအသင်းများ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးအသီးသီးရှိကုန်စည်ဒိုင်များ၊ ကုန်သည်/စက်မှုအသင်းများက ဆွေးနွေးတင်ပြသည့် တင်ပြချက်များနှင့် အကြံဉာဏ်များကို ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ညှိနှိုင်းသွားမည်ဟု ပြောကြားသည်။

စီးပွား/ကူးသန်းဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုပညာပြန့်ပွားရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းခြင်းတို့အားဆောင်ရွက်ရန် ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးကိုဆောင်ရွက်ရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် စားသုံးသူရေးရာဦးစီးဌာနအစရှိသည့် ဌာနသုံးခုမှ ကုန်သွယ်မှုလုပ်ငန်းများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

ထုတ်ကုန်တိုးမြှင့်နိုင်ရန်နှင့် နယ်စပ်မှ တရားမဝင်ကုန်သွယ်ခြင်းများအား တားဆီးနိုင်မည့်နည်းလမ်းများအပေါ် ဆွေးနွေးခဲ့သောလုပ်ငန်းရှင်များ၏ အကြံပြုတင်ပြချက်များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

**ဦးသောင်းစုငြိမ်း(အယ်ဒီတာချုပ်၊ 7Day Daily)**
တရားမဝင်ကုန်သွယ်မှုကိုတားမြစ်ဖို့ အရေးကြီးတယ်ဆိုတဲ့ခံယူချက်ကို ဝန်ကြီးပြောသွားတာ တွေ့ရတယ်။ နည်းပညာပိုင်းကိုသုံးပြီး ဒါကိုဘယ်လိုလုပ်ကြမလဲလို့ စဉ်းစားကြည့်တဲ့အခါမှာ ကမ္ဘာ့ဘဏ်ကနေထုတ်ပြန်ထားတဲ့ အညွှန်းကိန်းတစ်ခုရှိပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍရဲ့ စွမ်းအားဘယ်လောက်ရှိသလဲဆိုတာကို တိုင်းထားတဲ့ဟာပါ။ နိုင်ငံပေါင်း ၁၆၀ မှာ မြန်မာနိုင်ငံကအဆင့် ၁၄၅ ဖြစ်နေပါတယ်။ အာဆီယံဒေသတွင်းမှာ နောက်ဆုံးမှာရှိနေတယ်။ ဒါကြောင့် အဆင့် ၁၄၅ ဖြစ်နေတော့ လုပ်စရာလေးတွေ တော်တော်လေးရှိနေတယ်လို့ မြင်ပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားက ၈၃ ရှိတယ်။ ထိုင်းနိုင်ငံက အဆင့် ၃၅ ပါ။ ကမ္ဘာမှာ တော်တော်မြင့်တဲ့ထဲမှာပါတယ်။ ဒါကြောင့်လည်း သူ့နိုင်ငံက စက်မှုဇုန်တွေ ဖွံ့ဖြိုးတယ်။ စီးပွားရေးနဲ့ ကုန်သွယ်မှုတွေ ဖွံ့ဖြိုးတယ်။

ကျွန်တော်တို့လုပ်ကြရမှာက ဝန်ကြီးပြောသလို အကြံပေး (Consultant) တွေခေါ်ပြီး လုပ်ရမှာတွေရှိတယ်။ ပြည်တွင်းမှာလည်း တတ်နိုင်သမျှ ကိုယ့်ရဲ့ ပုဂ္ဂလိကကဏ္ဍထဲကလူတွေနဲ့ထိတွေ့ပြီးတော့ ဝိုင်းပြီးအဖြေရှာနိုင်ဖို့ အကြံပြုတင်ပြလိုပါတယ်။ အဲဒီအတွက်ကို ဒီလိုအညွှန်းကိန်းလိုဟာတွေကို သေချာဖတ်ရှုလေ့လာပြီး ပညာရှင်တွေနဲ့ တိုင်ပင်၊ ပြည်တွင်းက လူတွေကိုလည်း ဘယ်လိုလုပ်လို့ရနိုင်မလဲဆိုတာကို အဖြေထုတ်လို့ရနိုင်အောင် ဝန်ကြီးတို့ကဦးဆောင်ပြီး အလုပ်အဖွဲ့ဖွဲ့ပြီး ဌာနဆိုင်ရာအသီးသီးနဲ့ ကျွန်တော်တို့တွေပါဝင်ပြီး နည်းပညာကိုဘယ်လိုသုံးမလဲဆိုတာ ဝိုင်းလုပ်နိုင်ရင် အဆင်ပြေမယ်ထင်ပါတယ်။

ကမ္ဘာပေါ်မှာတွေ့တာက တရားမဝင်ကုန်သွယ်မှုကို တားဆီးရာမှာ နည်းပညာကဏ္ဍကအရေးပါတဲ့ ကဏ္ဍကပါပါတယ်။ နည်းပညာသုံးစွဲမှုသာ ရဲစခန်းနဲ့ ကုန်သွယ်မှုဇုန်တွေရှေ့ကမဖြစ်ဘဲ တောတွေ၊ တောင်တွေထဲက ဖြတ်သွားတဲ့လမ်းကြောင်းတွေကို ကျွန်တော်တို့တားဆီးနိုင်မယ်။



အာဖရိကမှာ သစ်တောပြုန်းတီးရေးကိုကာကွယ်တဲ့အနေနဲ့ တောတွေ၊ တောင်တွေထဲမှာ မိုးဘိုင်းဖုန်းအဟောင်းတွေကိုအသုံးပြုပြီး Censing လုပ်ပါတယ်။ သာမန်မဟုတ်တဲ့ လွှစက်သံတွေလိုမျိုး ထွက်လာတာနဲ့ ရဲကချက်ချင်းသိပြီး အရေးယူလို့ရတယ်။ ကုန်တင်ကားတွေလည်း တရားဝင်လမ်းကြောင်းတွေမဖြတ်ဘဲ မှောင်ခိုလမ်းကြောင်းကနေ သွားတာတွေကို နည်းပညာသုံးပြီးရှာဖွေနိုင်တယ်။

**ဒေါက်တာစိုးထွန်း**
**(မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း)**
အွန်လိုင်းစနစ်က အတုလိုဖြစ်နေတယ်။ အမြန်လုပ်ချင်လို့ အဂတိလိုက်စားမှုပေါ်လာတာ။ ဒါကြောင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်အောင် လုပ်ပေးစေချင်တယ်။ အွန်လိုင်းကဏ္ဍဟာ တကယ့်အစစ်ဖြစ်လာစေချင်ပါတယ်။ ဆန်တို့၊ ပြောင်းတို့ မြန်မာက တရုတ်ကိုတင်ပို့ရင် တရားဝင်သွားတယ်။ တရုတ်ဘက်မှာက တရားမဝင်တင်သွင်းရတာဖြစ်နေတယ်။ တရုတ်နဲ့ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲ။ တရုတ်ဘက်က ဖမ်းဆီးရင် စပါးဈေးကျတယ်။ ဆန်စပါးဈေးက ရုတ်တရက်ကျရင် ငွေကြေးလည်ပတ်မှုက block ဖြစ်သွားမယ်။ (၁၀၅)မိုင် ကုန်သွယ်မှုစခန်းက ခုထိဘာမှမဖွံ့ဖြိုးသေးဘူး။ ဒါဟာစဉ်းစားစရာဖြစ်နေတယ်။ ထုတ်ကုန် သုံးဆတိုးမယ်ဆိုရင် ဆိပ်ကမ်းက ဖြေရှင်းနိုင်မလား။ ဝန်ထမ်းတွေကကော သုံးဆအလုပ်လုပ်နိုင်မလား။ လက်နဲ့ လုပ်နေရတာဆိုတော့ သုံးဆတိုးလာရင် ကျွန်တော်တို့ အဆင်သင့်ဖြစ်ပြီလား။ အွန်လိုင်းစနစ် ပီပြင်လာဖို့လိုတယ်။ ပြင်ဆင်ဖို့အတွက် အများကြီးလိုအပ်နေပါတယ်။

**ဒေါက်တာတိုးနန္ဒာတင်(ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ)**
မြန်မာနိုင်ငံမှာ အမြင့်ဆုံးထုတ်နိုင်တဲ့ ငါးဟာ ၁၉၈၀ ခုနှစ်မှာ ၁ ဒသမ ၅ မီလီယံမက်ထရစ်တန်ဖြစ်ပါတယ်။ မနှစ်က သုတေသနလုပ်တဲ့အခါမှာ သူ့ရဲ့ တန်ချိန်ဟာ တစ်သိန်းကျော်ပဲကျန်ပါတယ်။ ဒါဟာ ရေသယံဇာတက မြန်မာနိုင်ငံမှာ ၁၀ ရာခိုင်နှုန်းပဲကျန်တော့တယ်။ ၁၀ ရာခိုင်နှုန်းပဲကျန်တဲ့ သယံဇာတကို ပရမ်းပတာဆက်ထုတ်မယ်ဆိုရင် အခုသကြၤန်ကာလမှာ ငါးမြစ်ချင်းဈေးနှုန်းကျပ် ၁၀၀၀၀ အထိတက်ခဲ့ပါတယ်။ ကျပ် ၁၈၀၀၊ ၂၀၀၀ ပဲရှိတဲ့ ငါးမြစ်ချင်းဟာ ၁၀၀၀၀ အထိတက်ခဲ့တယ်ဆိုတော့ ဒါဟာ ငါးရှားလာတာ ကို ပြပါတယ်။ လွန်ခဲ့တဲ့နှစ်က ဘော်စတွန် Seafood Fair ကို ကျွန်မတို့ တင်ပို့သူတွေ သွားတယ်။ ဒီမှာ အမေရိက တစ်နံတစ်လျားမှာ တီလားပီးယားဆိုတဲ့ ငါးကိုအကုန်စားတယ်။ အခု USA နဲ့ ကျွန်မတို့ ဆက်ဆံရေးကောင်းနေတော့ တီလားပီးယားကို Export လုပ်နိုင်ရင် ကောင်းမှာပဲ။ ဘာလို့လဲဆိုတော့ USA က တရုတ်နိုင်ငံကနေ တန်ခြောက်သိန်း နှစ်စဉ်ဝယ်တယ်။ မြန်မာက တစ်နိုင်ငံလုံးအပြည့် ထုတ်လုပ်ရင်တောင် တန်ချိန် တစ်သိန်းရဖို့ မလွယ်ပါဘူး။ တန်ခြောက်သိန်းဝယ်လိုအားရှိနေတယ်ဆိုတော့ မြန်မာနိုင်ငံက USA ရဲ့ လိုအပ်တဲ့ပမာဏကို တင်သွင်းနိုင်မယ်ဆိုရင် မွေးတဲ့သူတွေလည်း အဆင်ပြေမယ်။ တီလားပီးယားက မွေးလို့လွယ်ပါတယ်။ ခြောက်လပဲ ကြာပါတယ်။

မြန်မာနိုင်ငံမှာ ငါးရှားတယ်။ ဘာလို့ငါးရှားသလဲဆိုတော့ ကျွန်မတို့မွေးနေတဲ့ ငါးကြင်း၊ ငါးမြစ်ချင်းက နှစ်နှစ်၊ နှစ်နှစ်ခွဲလောက် မွေးရတယ်။ အိမ်နီးချင်းတွေက လေးလခွဲ၊ ငါးလပဲမွေးရတဲ့ သက်တမ်းတိုငါးတွေ မွေးကြတယ်။ တခြားနိုင်ငံတွေက တစ်နှစ်ကို နှစ်ကြိမ်ထုတ်ယူနေချိန်မှာ မြန်မာက တစ်ခါ ငါးထုတ်ယူနိုင်ဖို့ နှစ်နှစ်လောက်ကြာနေတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ငါးမွေးနေတဲ့စနစ်ကို ပြောင်းသင့်တယ်လို့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ကျွန်မပညာရှင်တစ်ယောက်အနေနဲ့ပြောခဲ့ပါတယ်။ ဒါပေမယ့် မွေးမြူရေးငါးကို rootstocks တွေ လိုတယ်။ ဒီ rootstocks တွေရမှ ကျွန်မတို့ သားပေါက်ထုတ်နိုင်မယ်။ ထိုင်းကိုသွားပြီး rootstocks သွားဝယ်လို့မရဘူး။ သူတို့က သူတို့ထုတ်ထားတဲ့ ငါးသားပေါက်ကိုပဲရောင်းတယ်။ ဒါကြောင့် rootstocks ရဖို့ ဝန်ကြီးဌာနက အစိုးရချင်းလက်မှတ်ထိုးပြီးမှ ဒါကို သွင်းနိုင်မယ်။

ဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့တွေဟာ တစ်သားတည်းဖြစ်ဖို့လိုတယ်။ ဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့တွေ ကွာဟနေတဲ့အခါမှာ Export က ကျသွားတယ်။ အခု ကျွန်မတို့နိုင်ငံမှာ GAP လို့ ခေါ်တဲ့ Factory တစ်ခုမှ မရှိဘူး။ ဒါဟာ Export အတွက် အရေးကြီးပါတယ်။ ကျွန်မတို့ လုပ်ချင်ပါတယ်။ လုပ်မဲ့သူတွေလည်းရှိတယ်။ ဒါကြောင့် ကျွန်မတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနက ပူးပေါင်းပါဝင်ပေးပါလို့ ပြောချင်ပါတယ်။

**ဦးကျော်သူ(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ်)**
ပို့ကုန်တိုးမြှင့်ရန် ကုန်ထုတ်စွမ်းအားတိုးမြှင့်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံက ကုန်ကြမ်းပစ္စည်းရောင်းတဲ့ အလုပ်ပဲလုပ်ခဲ့ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ အရည်အချင်းနဲ့ နည်းပညာထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ဖို့ တစ်ခါမှအားမပေးခဲ့ဖူးပါဘူး။

ဥပမာ မြန်မာနိုင်ငံ သစ်လုပ်ငန်းက တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်တောကြီးကုန်သွားအောင်ထုတ်ယူပြီး နိုင်ငံခြားကို တင်ပို့လိုက်တော့ ပြည်တွင်းမှာရှိတဲ့ ပရိဘောဂလုပ်ငန်းရှင်တွေဟာ ဒီနေ့အထိ ပရိဘောဂကို နိုင်ငံတကာအဆင့် ထုတ်လုပ်ပြီးရောင်းချနိုင်တဲ့အခြေအနေ ရောက်မလာခဲ့ပါဘူး။ ဒ့ါအပြင် မြန်မာပြည်ကအသိပညာရှင် အတတ်ပညာရှင်တွေဟာ သစ်လုံးဝယ်သွားတဲ့ နိုင်ငံကိုသွားပြီး ပန်းပုပညာနဲ့ လက်ခစားအဖြစ် သွားရောက်လုပ်ကိုင်စားသောက်ရတဲ့အခြေအနေရောက်သွားတယ်။

ဒီနေ့ အချိန်ကစပြီး ပြည်တွင်းထုတ်လုပ်သူတွေကို ကုန်ထုတ်စွမ်းအားတိုးတက်အောင် လုပ်နိုင်ဖို့ နိုင်ငံတော်က နည်းလမ်းနဲ့အကူညီတွေပေးဖို့ လိုအပ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ရှိနေတယ်။ လုပ်ငန်းရှင်ဖြစ်ဖို့ မြေတောင်မြှောက်ပေးစေချင်တယ်။ ဘဏ်အတိုးနှုန်းကများနေတယ်။ မြေတန်ဖိုးမြင့်နေတယ်။ လူငယ်တွေ လုပ်ငန်းရှင်ဖြစ်လာဖို့ မလွယ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေက ကျင့်သုံးနေတဲ့စနစ်တွေကို မျက်ကွယ်ပြုထားတယ်။ ပရိဘောဂလုပ်ငန်းဟာ အထည်ချုပ်လုပ်ငန်းလိုပဲ အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်တဲ့လုပ်ငန်းဖြစ်တယ်။ အခြေခံလူတန်းစားတွေကိုအလုပ်ပေးနိုင်တဲ့ လုပ်ငန်းတွေကို ပံ့ပိုးပေးဖို့ စဉ်းစားပေးစေချင်တယ်။

**ဦးမျိုးမင်းအောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း)**
ကျွန်တော်တို့အသင်းရုံးကို ရန်ကုန်နဲ့ မန္တလေးမှာထားရှိပေမယ့် နောင်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို တိုးချဲ့သွားဖို့ရှိပါတယ်။ လက်ရှိအသင်းမှာ အဖွဲ့ဝင်ရာဂဏန်းပဲရှိပါတယ်။ တစ်နိုင်ငံလုံးမှာ လက်လီဆိုင်ပေါင်း သုံးသိန်းကျော်ရှိနေပါတယ်။ အဓိကတင်ပြချင်တာက ငွေကြေးကိစ္စပါ။ လက်လီလုပ်ငန်းက မိသားစုဆိုင်လေးတွေနဲ့ လုပ်နေကြတာများပါတယ်။ အခုအချိန်မှာ ခေါင်းရွက်ဗြတ်ထိုးဈေးသည်တွေတောင် ချေးငွေရရှိနေပါပြီ။ လုပ်ငန်းကြီးတွေကလည်း ဘဏ်ချေးငွေရကြပါတယ်။ ဒါပေမယ့် လက်လီသမားတွေမှာ ချေးငွေရရှိဖို့ မလွယ်ကူပါဘူး။ ဥပဒေစိုးမိုးမှုမှာ အခွန်ဥပဒေကိုတင်ပြချင်တယ်။ အခွန်ဥပဒေဟာ တဖြည်းဖြည်းနဲ့တိကျလာတယ်။ ပွင့်လင်းလာတယ်။ အကောင်ထည်ဖော်ရာမှာလည်း မြန်ဆန်လာတယ်။ ဒါပေမယ့် လက်လီကဏ္ဍအတွက် အခွန်ဆောင်ရာမှာ အဆင်မပြေမှုတွေ၊ မမျှတမှုတွေ ရှိနေတယ်။ ဥပဒေကလည်း လုပ်ငန်းလုပ်ကိုင်နေသူက မသိရှိဘူး။ အရက်၊ ဘီယာတင်သွင်းခွင့်မှာလည်း လက်လီသမားတွေ မရရှိပါဘူး။ အမြန်ဆုံးတင်သွင်းခွင့်ချပေးဖို့တောင်းဆိုချင်တယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လက်လီတွေက FDA ခွင့်ပြုချက်နဲ့ ရောင်းပါတယ်။ တချို့နေရာတွေမှာ FDA ရဲ့ အားနည်းချက်တွေရှိနေတယ်။ လူအင်အားမလုံလောက်ဘူးလို့ အကြောင်းပြတယ်။ FDA က ထောက်ခံထားလို့ ရောင်းချနေပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ထုတ်ကုန်တစ်ခုခုဟာ ပြဿနာဖြစ်ရင် လက်လီလုပ်ငန်းရှင်တွေကပဲ ထိခိုက်နေတယ်။ တကယ်ထုတ်လုပ်တင်သွင်းသူက တာဝန်ယူရမယ့်အပိုင်းဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကိစ္စတွေမှာလည်း စီးပွား/ကူးသန်းက ခွင့်မပြုပေမယ့် ဝန်ဆောင်မှုပုံစံနဲ့ဝင်ရောက်ပြီး လက်လီဆောင်ရွက်နေတာတွေကိုလည်း ဥပဒေနဲ့အညီ ဖြစ်စေချင်ပါတယ်။

သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ- ဖိုးထောင်



ကိုရီးယားနိုင်ငံ Jeju Island မြို့တွင်ကျင်းပမည့် The 38th QUEEN SIRIKIT CUP Asia Pacific Amateur Ladies Golf Team Championships ပြိုင်ပွဲကို မေ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်သော မြန်မာ့ဂေါက်သီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ရန် မေ ၂၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (ဖိုးသော်ဇင်)

# အခွန်ထမ်းပြည်သူများကို နိုင်ငံတော်တာဝန်ကျေပွန်သူအဖြစ် ဝန်ထမ်းများအနေဖြင့် အသိအမှတ်ပြုလေးစားဆက်ဆံရမည်ဖြစ်




**နေပြည်တော် ဧပြီ ၂၄**
အခွန်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ နှင့် အခွန်ဥပဒေတို့တွင် ရှင်းလင်းစွာ ထုတ်ပြန်ထားပါကြောင်း၊ ပြည်သူများသည် မိမိတို့ရရှိသောဝင်ငွေမှ အခွန်ပေးဆောင်၍ နိုင်ငံတော်သို့ပံ့ပိုးနေသောကြောင့် အခွန်ထမ်းပြည်သူများကို “နိုင်ငံ့တာဝန်ကျေပွန်သူ” အဖြစ် အသိအမှတ်ပြုလေးစား ဆက်ဆံရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင်ပြောကြားသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Commercial Tax နှင့်ပတ်သက်၍ ငွေပေးပြေစာများတွင် အခွန်တံဆိပ်ခေါင်းကပ်ရန် ဆိုင်များသို့ ညွှန်ကြားထားသော်လည်း အချို့မှာ လိုက်နာမှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အခွန်အခများသည် နိုင်ငံတော်၏ ဘဏ္ဍာသို့ အပြည့်အဝမရောက်ရှိဘဲ နစ်နာဆုံးရှုံးရကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတော်ဘဏ္ဍာဖြင့် ဝယ်ယူထားသော စက်ပစ္စည်း၊ ပရိဘောဂနှင့် အဆောက်အအုံများကိုလည်း အဆင့်ဆင့်ထိန်းသိမ်းကြီးကြပ်ကွပ်ကဲရန် လိုကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် အဓိကအကျဆုံးဖြစ်သည့် စိတ်ဓာတ်ကို ဦးစွာပြုပြင်ပြောင်းလဲရန် လိုကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် အာမခံနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်တိုးတက်အောင် ဆောင်ရွက်ရာတွင် အစိုးရနှင့်ပြည်သူ ပူးပေါင်းမှသာ အောင်မြင်နိုင်မည်ဖြစ်၍ ပြည်သူ့အစိုးရဖြစ်သည့် မိမိတို့အစိုးရသည် ပြည်သူ့အကျိုးကို အားကြိုးမာန်တက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဧပြီ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၁)နတ်မောက်လမ်းတွင် ပညာသင်ကြားပေးခဲ့သော မြန်မာစာဌာနမှူး ဆရာမကြီး ဒေါ်ကြည်ကြည်(ကြီး)နှင့် ဆရာကြီး မင်းသုဝဏ်တို့၏ သား ဦးထင်ကျော်မှာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည့်အတွက် နတ်မောက်ကျောင်းသားဟောင်းများအသင်းက ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အသင်းရုံးခန်းမ၌ကျင်းပရာ အသင်းသားများတက်ရောက်ကြပြီး ဂုဏ်ပြုစကားများပြောကြားခြင်း၊ ရှေ့ဆက်ရမည့်ကာလများအတွင်း အစိုးရသစ်နှင့် ပူးပေါင်းကာ စက်မှုလက်မှုသက်မွေးပညာများ ဖြန့်ဝေခြင်းကို တစ်တပ်တစ်အားပါဝင်သွားရန် ဆွေးနွေးခဲ့စဉ်။(ခင်ရတနာ)

✳ စာမျက်နှာ ၃ မှ
စကော့မားကက်(ယခုဗိုလ်ချုပ်ဈေး)သို့ အပြေးအလွှားသွားရောက်၍ ခေါင်းပေါင်းများဝယ်ယူကြသည်။ နောက်တစ်နေ့ တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်းအား ငှက်ပျောညွန့်ရောင်ခေါင်းပေါင်း၊ ပိုးသားတိုက်ပုံ အဖြူရောင်၊ ရွှေဖလားရောင် ဘန်ကောက်လုံချည်နှင့် အသွင်ပြောင်း၍ တစ်မျိုးတစ်ဖုံတွေ့ကြရသည်။ အမတ်များအားလုံးမှာလည်း ရောင်စုံခေါင်းပေါင်းစ တလူလူနှင့် ပန်ကာလေအောက်တွင် ဝဲပျံလျက်ရှိနေသည်။ ဤလိုနှင့်ပင် ပထမဆုံးလွှတ်တော်ကို ဇွန်လ ၁၈ ရက်နေ့တွင် ရုပ်သိမ်းလိုက်တော့သည်။ ထိုဇွန် လ၁၈ ရက်နေ့သည် ဗိုလ်ချုပ်နောက်ဆုံးတက်ခဲ့ရသော လွှတ်တော်အစည်းအဝေးဖြစ်သည်။ လွှတ်တော်ဒုတိယအစည်းအဝေးကျင်းပသည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင် စသော ခေါင်းဆောင်ကြီးများမရှိကြတော့ပြီ။ ထူးခြားသည်ဟုဆိုရမည့်အချက်မှာ လွှတ်တော်အမတ်များ စည်းကမ်းတကျဝတ်စားဆင်ယင်ရန် လွှတ်တော်ဥက္ကဋ္ဌ ဦးနုက ထုတ်ပြန်ညွှန်ကြားခြင်းမပြုဘဲ ဗိုလ်ချုပ်က ပြောဆိုညွှန်ကြားခဲ့ခြင်းပင်ဖြစ်သည်။

ဗိုလ်ချုပ်သည် မိမိ၏ပင်ကိုစရိုက်သဘာဝနှင့် ဆန့်ကျင်၍ အမတ်များ၏အဝတ်အဆင်ကိစ္စကို ညွှန်ကြားထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံရေး ခေါင်းဆောင်တစ်ယောက်၏ ပုဂ္ဂိုလ်ရေးအမူအကျင့် အကြိုက်စရိုက်များကို အဖွဲ့အစည်း(သို့မဟုတ်)အများနှင့်ဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် စည်းကမ်း စည်းမျဉ်းများက လွှမ်းခြုံထားသည်။ ဗိုလ်ချုပ်ကို တချို့က စိတ်ထင်ရာ ဇွတ်လုပ်တတ်သူ၊ ငါတကောကော တတ်သူအဖြစ် သိက္ခာကျအောင်ပုံဖော်ပြောဆိုတတ်ကြသည်။ ထိုစွပ်စွဲပြောဆိုချက်များ လုံးဝမမှန်ပါ။ ဗိုလ်ချုပ်အောင်ဆန်းလောက် အများဆန္ဒကို လေးစားလိုက်နာသူ၊ အများနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ ဆုံးဖြတ်ချက်ချမှတ်တတ်သူမရှိပါ။ ဗိုလ်ချုပ်သည် တပ်မတော်ကို စတင်တည်ထောင်ခဲ့သည့် တပ်မတော်ခေါင်းဆောင်ဖြစ်သည်။ သူ့တပ်၏ခေါင်းဆောင်အဖြစ် တာဝန်ယူနေစဉ်အတွင်း စစ်တပ်၏ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနေထိုင်သည်။ တပ်မှထွက်ပြီး နိုင်ငံရေးနယ်တွင် အချိန်ပြည့်လုပ်ကိုင်၍ ဖဆပလဥက္ကဋ္ဌ၊ ကြားဖြတ်အစိုးရအဖွဲ့၏ ခေါင်းဆောင်တာဝန်များ ထမ်းဆောင်သည့်အခါတွင်လည်း ထိုအဖွဲ့အစည်းများ၏ စည်းကမ်းကို ကျင့်သုံးလိုက်နာသည်။ တိုင်းပြည်ပြုလွှတ်တော်အမတ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်ကိစ္စကို လွှတ်တော်တွင် ဆောင်ရွက်နေသည့်အချိန်၌ ဗိုလ်ချုပ်သည် တိုင်းပြည်၏ နံပါတ်တစ်ခေါင်းဆောင်ဖြစ်နေပါပြီ။ ပြည်သူတစ်ရပ်လုံးက လိုလိုလားလားတညီတညွတ်တည်း သတ်မှတ်တင်မြှောက်ခြင်းခံရသည့် အမျိုးသားခေါင်းဆောင်နေရာကို ရရှိနေပြီဖြစ်ပါသည်။ သို့သော် ဗိုလ်ချုပ်သည် တိုင်းပြည်ပြုလွှတ်တော်တွင် မိမိ၏ဩဇာအာဏာအရှိန်အဝါကို မသုံးပါ။ မိမိ၏တက်ကြွထက်သန်သောစိတ်ဆန္ဒကြောင့် အမှတ်တမဲ့မှားယွင်းသွားသော အပြုအမူအပြောအဆိုတို့ကို တစ်ခဏချင်းထိန်းချုပ်၍ လွှတ်တော်ဥက္ကဋ္ဌကို တောင်းပန်ခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌ ပြောဆိုတားမြစ်ခြင်းကို စောဒကမတက်ဘဲ လေးလေးစားစားနာယူခဲ့ပါသည်။ လွှတ်တော်၏စည်းကမ်းဥပဒေကို လိုက်နာခဲ့ပါသည်။

တစ်နည်းအားဖြင့်တော့ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်တပ်ထဲတွင်ရှိစဉ် တပ်၏စည်းကမ်း၊ လွှတ်တော်ထဲရောက်တော့ လွှတ်တော်၏စည်းကမ်းကိုစောင့်ထိန်းလိုက်နာသူ၊ စည်းကမ်းရှိသေသူ ဖြစ်သည်ဟုဆိုရမည် ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ်ဝေဖန်သုံးသပ်ခြင်း၊ မိမိအမှားကို ဝန်ခံပြုပြင်ခြင်းစသည့် ဗိုလ်ချုပ်၏လုပ်ရပ်တို့မှာ များစွာအတုယူစရာကောင်းသော လုပ်ရပ်၊ လေးစားဖွယ်အရည်အချင်းနှင့် ကြီးမားသော ဂုဏ်ပုဒ်တို့ပင်ဖြစ်ပါကြောင်း။

# မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၂၄**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင်ရပ်ကွက်၌ ဧပြီ ၂၄ ရက် ညပိုင်းကမီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက် ညနေ ၆ နာရီ ၅ မိနစ်ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင်ရပ်ကွက် သိမ်ဖြူလမ်း ရွှေပြည်စိုးစားသောက်ဆိုင်ဘေးရှိ ပီတိဆေးခန်းမှ စတင်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ ဝင်ရောက်ငြိမ်းသတ်ခဲ့မှုကြောင့် ည ၇ နာရီတွင် မီးထိန်းနိုင်ခဲ့ကာ ည ၇ နာရီ ၁၀ မိနစ်တွင်မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးသတ်ယာဉ်ထွက်ခွာငြိမ်းသတ်မှု Level 3 အဆင့်ရှိခဲ့ပြီး မီးလောင်ရာနေရာသို့ မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ၃၈ စီး၊ ရေသယ်ယာဉ် ကိုးစီး၊ ကွပ်ကဲမှုယာဉ် ကိုးစီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီးနှင့် မိတ်ဖက်ယာဉ် တစ်စီးတို့မှ ရောက်ရှိငြိမ်းသတ်ခဲ့ကြပြီး ကြက်ခြေနီအရေးပေါ်ယာဉ် ၁၅ စီးမှလည်း ရောက်ရှိကူညီခဲ့ကြကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ခွဲမှတပ်ဖွဲ့ဝင်များနှင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက မီးလောင်ရာနေရာနှင့် ပတ်ဝန်းကျင်အား လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက “စားသောက်ဆိုင်နဲ့ကပ်လျက်ဖြစ်တဲ့ ဆေးဆိုင်ရဲ့အပေါ်ထပ်ကမီးစလောင်တာပါ။ ဘေးပတ်ဝန်းကျင်ကိုမီးမကူးစက်စေရေးအတွက် မီးသတ်ယာဉ်များနဲ့ ညှပ်ကာထားတဲ့အချိန်မှာပဲ Designer water ဘက်ကတော့ မီးလွတ်သွားပြီး ညာဘက်ခြမ်းကဖြစ်တဲ့ ရှစ်ထပ်တိုက်က ဒုတိယထပ်နဲ့ တတိယထပ်ကတော့ အတွင်းခန်းကပစ္စည်းတွေမီးလောင်သွားခဲ့ပါတယ်။ မီးလောင်မှုဖြစ်ဖြစ်ချင်းတော့ ဆေးခန်းက ဆေးပစ္စည်းနဲ့ စာသောက်ဆိုင်ကအချို့ပစ္စည်းတွေကို သူတို့ကိုယ်တိုင် အချိန်မီဆွဲထုတ်နိုင်ခဲ့ကြပါတယ်။

ပစ္စည်းနည်းနည်းပါးပါးလောက်ပဲ ပါသွားတာပါ။ စလောင်တဲ့ဆေးခန်းဘက်ကအဖွဲ့တွေကို ဖုန်းဆက်တာဖုန်းပိတ်ထားပါတယ်။ ခုချိန်ထိ ခေါ်လို့ရှာလို့မရသေးတော့ မီးလောင်ရတဲ့အကြောင်းအရင်းကို စုံစမ်းဆဲပါ။ မီးလောင်ဒဏ်သင့်ခဲ့တဲ့ ရှစ်ထပ်တိုက်က ဒုတိယထပ်နဲ့တတိယထပ်ကသူတွေအတွက်လည်း အမက(၃)မင်္ဂလာတောင်ညွန့်မြို့နယ်ကျောင်းမှာနေထိုင်အဆင်ပြေစေရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ တိုင်ပင်ပြီးစီစဉ်ထားပြီးပါပြီ”ဟု ဆိုသည်။

မီးလောင်မှုကြောင့် အဆောက်အအုံတန်ဖိုးနှင့် အတွင်းပစ္စည်း စုစုပေါင်းငွေကျပ် ၁၄၆ သိန်းဆုံးရှုံးခဲ့ရပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**သတင်း-စိုးဝင်း(MLA)**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**



# ဗိုင်းရပ်ရောဂါပိုးမျိုးခွဲ N နှင့်ပတ်သက်ပြီး အတည်ပြုနိုင်ရန် ဩစတြေးလျနိုင်ငံ တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းသို့ နမူနာပေးပို့ စစ်ဆေးလျက်ရှိပြီး အတည်ပြုချက်ရရှိပါက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်းကို ဆက်လက်ထုတ်ပြန်သွားမည်

တွေ့ဆုံမေးမြန်း-ဘဦး

လတ်တလောဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းများနှင့် ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရန်နိုင်စိုးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-

မေး။ ။ လတ်တလောဖြစ်ပွားနေသော ကြက်ငှက်တုပ်တွေးရောဂါဖြစ်ပွားမှု သတင်းများနဲ့ပတ်သက်ပြီး ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ လတ်တလောကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေတာက မန္တလေးတိုင်းဒေသကြီးအတွင်းမှာမဟုတ်ပါဘူး။ တိုင်းဒေသကြီးနဲ့ ကပ်လျက်ရှိတဲ့စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကြက်မွေးမြူရေးဇုန်အတွင်းမှာ ဖြစ်ပွားခဲ့တာပါ။ ဖြစ်တာက ဧပြီလဆန်းပိုင်းလောက်ကစပြီးတော့ ကြက်သေဆုံးမှုတွေရှိခဲ့တယ်။ ကြက်အသေကောင်တွေကို ဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးတဲ့အခါမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားတယ်ဆိုတာ သိရှိရခြင်းဖြစ်ပါတယ်။

မေး။ ။ လတ်တလော မုံရွာမှာ ဖြစ်ပွားတဲ့ ရောဂါပိုးအမျိုးအစားက ဘယ်လိုရောဂါပိုးမျိုးပါလဲခင်ဗျာ။

ဖြေ။ ။ လတ်တလောမှာ မုံရွာမှာ ဖြစ်ပွားတဲ့ကြက်ငှက်တုပ်ကွေးရောဂါပိုးအမျိုးအစားက အဓိကဖြစ်တာက H5N1 ပေါ့။ ကြက်အချင်းချင်းကူးစက်ပြီးတော့ဖြစ်တဲ့ ရောဂါပိုးဖြစ်ပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တဲ့အခါမှာ စဉ့်ကိုင်မှာရှိတဲ့ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းမှာ စစ်တယ်။ ပြီးတော့ ရန်ကုန်မှာရှိတဲ့ ဗဟိုဓာတ်ခွဲခန်းမှာ ထပ်ပို့ပြီး စစ်ဆေးပါတယ်။ အဲဒီလို စစ်ပြီးတာတောင် ကျွန်တော်တို့ အတည်ပြုလို့မရသေးပါဘူး။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ကို ကနဦးသတင်းပေးပို့ထားပါတယ်။ ဗိုင်းရပ်ရောဂါပိုးမျိုးခွဲ N နဲ့ပတ်သက်ပြီး အတည်ပြုနိုင်ဖို့ ဒေသဆိုင်ရာ ရည်ညွှန်းကိုးကား ဓာတ်ခွဲခန်းဖြစ်တဲ့ ဩစတြေးလျနိုင်ငံ တိရစ္ဆာန်ကျန်းမာရေး ဓာတ်ခွဲခန်းကို နမူနာပေးပို့စစ်ဆေးလျက်ရှိပါတယ်။ အတည်ပြုစစ်ဆေးချက် ရရှိပါက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းကို ဆက်လက်ထုတ်ပြန်သွားမှာပါ။

မေး။ ။ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားမှုမရှိအောင် ဘယ်လိုကြိုတင်ကာကွယ်သွားမှာပါလဲခင်ဗျာ။

ဖြေ။ ။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၀၆ ခုနှစ်က ဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီဘက်အပိုင်းမှာတော့ ဖြစ်ပွားတာမရှိသေးဘူး။ မရှိအောင် ကျွန်တော်တို့က ဘယ်လိုလုပ်သလဲဆိုတော့ မန္တလေးတိုင်းဒေသကြီးက ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ဆက်စပ်နေသလို စစ်ကိုင်းတိုင်းဒေသကြီးဆိုလည်း မုံရွာမြို့က တစ်ဆင့် ကလေး၊ တမူးကနေတစ်ဆင့် အိန္ဒိယနိုင်ငံနဲ့လည်းဆက်စပ်နေတယ်။ ဆက်စပ်ဝင်ရောက်ရာလမ်းကြောင်းတွေ များပြားပါတယ်။ အဲဒီလမ်းကြောင်းတွေကနေ မဝင်အောင်ကြိုပြီးတော့ ကာကွယ်မှုတွေ၊ စစ်ဆေးမှုတွေလုပ်နေပါတယ်။ အမြဲတမ်းလည်း တရုတ်နိုင်ငံက တရားမဝင် ဝင်ရောက်လာတဲ့ ကြက်သားတို့၊ ကြက်ဥတို့ကို တားဆီးပိတ်ပင်ထားတာတွေရှိတယ်။ ဖျက်ဆီးတာတွေရှိတယ်။ နောက်တစ်ခါ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO အကူအညီနဲ့ အမြဲတမ်း ရောဂါစူးစမ်းထောက်လှမ်းတာတွေ လုပ်တယ်။ မန္တလေးမှာဆို ကြက်မွေးမြူရေးများတဲ့ မတ္တရာ၊ တောင်ပြုံးမှာဆို အသားတိုးကြက်မွေးတာတွေရှိတယ်။ ကြက်ဘဲဈေးတွေ၊ အမရပူရ ကြက်အသားထုတ်တဲ့နေရာတွေ အများကြီးလုပ်တယ်။ ကြက်အရှင်ရောင်းတဲ့ နေရာတွေမှာ ကြက်မစင်တို့၊ ကြက်အာခေါင်ထဲက အချွဲတွေ နမူနာယူပြီး ကြက်ငှက်တုပ်ကွေးရောဂါရှိ၊ မရှိကို လစဉ်စစ်နေတာပါ။ ၂၀၁၄၊ ၂၀၁၅ ခုနှစ်လောက်ကတည်းက ယခုအချိန်ထိ လုပ်နေတာပါ။ ဒါကတော့ ရောဂါစူးစမ်းထောက်လှမ်းတဲ့ အပိုင်းပါ။ နောက်တစ်ခုက မြို့နယ်အလိုက် ကြက်ခြံတွေမှာ ကျေးရွာတွေမှာ ကြက်ငှက်တုပ်ကွေးဆိုတာ ဘယ်လိုဖြစ်နိုင်တာလဲ။ ဘယ်လိုကာကွယ်ရမလဲဆိုတဲ့ ပညာပေးလုပ်ငန်းတွေကို မွေးမြူရေးနှင့်ကုသရေး ဝန်ထမ်းတွေက လုပ်ပါတယ်။

တိုင်းဒေသကြီးအဆင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုကော်မတီရှိပါတယ်။ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွေထိ ဖွဲ့စည်းထားပါတယ်။ ရောဂါဖြစ်ပွားလာခဲ့ရင် အလျင်အမြန် သတင်းပေးနိုင်ဖို့ ခြံလုပ်သားတွေ၊ ခြံပိုင်ရှင်တွေ၊ ကြက်၊ ဘဲရောင်းတဲ့သူတွေကို ပုံမှန်မဟုတ်ဘဲ သေဆုံးမှုရှိရင်သတင်းပေးဖို့ အဖွဲ့တွေကို လေ့ကျင့်ပေးထားပါတယ်။

မေး။ ။ ၂၀၀၆ ခုနှစ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့တုန်းကရောဂါပြန့်ပွားမှုမရှိအောင်ဘယ်လိုထိန်းချုပ်မှုမျိုးတွေ လုပ်ခဲ့ပါလဲခင်ဗျာ။

ဖြေ။ ။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်လာပြီဆိုရင် ဖြစ်တဲ့နေရာတွေမှာ ထိန်းချုပ်တဲ့နည်းလမ်းက ဖြစ်တဲ့ကြက်ခြံမှာ အစာရေစာတွေကို ဖျက်ဆီးတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တဲ့နေရာတွေမှာ အစုလိုက်အပြုံလိုက် ဖျက်ဆီးပစ်လိုက်တာက ထိန်းချုပ်တဲ့အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကတော့ သက်ဆိုင်ရာအဖွဲ့စုံနဲ့ကို အမြစ်ပြတ်အောင် ဖျက်ဆီးထိန်းချုပ်နိုင်ခဲ့ပါတယ်။

မေး။ ။ မန္တလေးမြို့ဟာ ကြက်သားဈေးကွက်ကြီးမားတာကြောင့် ပတ်ဝန်းကျင်မြို့နယ်တွေကနေ ရောဂါရှိကြက်တွေ ဝင်ရောက်မလာအောင် ဘယ်လိုကာကွယ်တားဆီးမှုတွေ လုပ်နေပါလဲခင်ဗျာ။

ဖြေ။ ။ လောလောဆယ်တော့ မုံရွာမွေးမြူရေးဇုန်မှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေတဲ့အခါကျတော့ အပြင်ကိုတော့ ပေးမထွက်ဘူး။ ကြက်သား၊ ကြက်ဥကို အဲဒီမှာပဲ ထိန်းထားတယ်။ ရောဂါမဖြစ်ပွားတဲ့နေရာက ကြက်သားကတော့ ဝင်လို့ရပါတယ်။ တိုင်းဒေသကြီးအချင်းချင်းလည်း ဆက်စပ်ဆောင်ရွက်နေပါတယ်။ အခုလောလောဆယ်တော့ ဝန်ကြီးကို တင်ပြထားပါတယ်။ မန္တလေးတိုင်းဒေသကြီးကို ဝင်လာတာတော့ အဓိကနှစ်နေရာပဲရှိတာ။ စစ်ကိုင်းတံတားရယ်၊ စဉ့်ကူးတံတားရယ်ဖြစ်ပါတယ်။ အဲဒီနေရာတွေမှာ စစ်ဆေးမှုတွေလုပ်သွားမှာပါ။ အဓိကကတော့ ရောဂါကင်းရှင်းရေးလက်မှတ်ပါရင် ဝင်လို့ရပါတယ်။ ရောဂါကင်းရှင်းရေးလက်မှတ်ဆိုပေမယ့်လည်း စစ်ကိုင်းတိုင်းထဲကပေါ့။ မုံရွာတော့မပါပါဘူး။ မုံရွာကလွဲလို့ တိုင်းဒေသကြီးအတွင်း ဝင်လို့ရပါတယ်။



မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရန်နိုင်စိုး။

မေး။ ။ မန္တလေးမြို့ ပြည်သူလူထုက ကြက်ငှက်တုပ်ကွေးသတင်းတွေကြောင့် အခုဆို ကြက်သားစားသုံးမှုမှာ စိုးရိမ်မှုတွေရှိနေတော့ စားသုံးဖို့သင့်၊ မသင့်နဲ့ ဘယ်လိုစားသုံးလို့ရပါလဲခင်ဗျာ။

ဖြေ။ ။ စိုးရိမ်စရာမရှိပါဘူး။ ကြက်သားကစားလို့ရပါတယ်။ ကျက်အောင်တော့ ချက်စားလို့ရပါတယ်။ အကင်တော့ရှောင်ရမှာပေါ့။

---

# စားသောက်ကုန်စံချိန်စံညွှန်းနှင့် နိုင်ငံတကာအဆင့်ဓာတ်ခွဲခန်းလိုအပ်ချက်

ဇာနည်စိုးထွင်

၂၀၁၆ ခုနှစ် မတ်လနှင့်ဧပြီလအတွင်း စိတ်ဝင်စားမှုအခံရဆုံးအကြောင်းအရာသုံးခုရှိခဲ့ပါသည်။ မြန်မာနိုင်ငံဈေးကွက်အတွင်းရောင်းချနေသော အသင့်သောက်ကော်ဖီထုပ် Instant Coffee များတွင် အုန်းခွံမှုန့်၊ ဟင်းရွက်ဆီကြိတ်ဖတ်နှင့် သကြားပါဝင်မှုကို FDA က စစ်ဆေးရာမှာ လိုအပ်ချက်ရှိနေတာကြောင့် နိုင်ငံတကာဓာတ်ခွဲခန်းများနှင့် ပူးပေါင်းစစ်ဆေးစမ်းသပ်နေတဲ့ သတင်း။ မွေးမြူရေးတလားဗီးယားငါးနှင့် ကြက်သားများတွင် ဆေးဝါးဓာတုဓာတ်ကြွင်းများပါရှိနေနိုင်သောကြောင့် ကင်ဆာဖြစ်စေနိုင်တဲ့ သတင်းနှင့် ယခုနောက်ဆုံး စိတ်ဝင်စားမှုအရှိန်အမြင့်ဆုံး အကြောင်းအရာဖြစ်သည့် မုံရွာမွေးမြူရေးဇုန်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိရာမှာ H9N2အမျိုးအစားဟုတ်၊ မဟုတ်နှင့် ပိုမိုအန္တရာယ်ကြီးသောရောဂါပိုး Highly Pathogenic Avian Flu ဖြစ်၊ မဖြစ် အတည်ပြုရန်အတွက် ရန်ကုန်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဓာတ်ခွဲခန်းက Australia Animal Health Laboratory (AAHL)သို့ နမူနာပစ္စည်းပေးပို့စစ်ဆေးစေပြီး ရောဂါပိုးမျိုးခွဲ အတည်ပြုစစ်ဆေးချက်ရရှိရန် စောင့်ဆိုင်းနေခြင်း အကြောင်းအရာများဖြစ်ပါတယ်။

အထက်ပါ အများပြည်သူစိတ်ဝင်စားမှုမြင့်မားနေသော အကြောင်းအရာများမှတစ်ဆင့် မြန်မာနိုင်ငံစားသုံးသူများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး Food Safety နှင့် AFTA၊ AEC စတင်သက်ရောက်မှုရှိချိန်တွင် မြန်မာစားသောက်ကုန်များ အာဆီယံဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်ရေးအတွက် တိကျပြတ်သားသောစံချိန်စံညွှန်းနှင့် နိုင်ငံတကာအဆင့် ဓာတ်ခွဲခန်းများရှိလာဖို့လိုအပ်နေပြီဖြစ်ကြောင်း သံချောင်းခေါက်နှိုးဆော်သတိပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

မြန်မာ့စားသောက်ကုန်နှင့် ရေထွက်ကုန်၊ စိုက်ပျိုးရေးပို့ကုန်၊ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချသည့်အခါနှင့်အများပြည်သူများစားသုံးရန်သင့်၊ မသင့်မည်သည့်အန္တရာယ်အမျိုးအစား Type of Hazard ပါဝင်နေခြင်းရှိ၊ မရှိကို အများပြည်သူသို့ သတင်းထုတ်ပြန်ချက်ပေးရာမှာ Here Say သူပြော၊ ငါပြော၊ အရပ်ပြောထက် အခြေပြုကိုးကားရသော ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှု အဖြေဟာ မပါမဖြစ်အရေးပါသော အချက်တစ်ချက် ဖြစ်ပါတယ်။ အခြေပြုကိုးကားသောဓာတ်ခွဲခန်းအဖြေနှင့် ထုတ်ပြန်ကြေညာအသိပေးချက်၏ မရှိမဖြစ် အင်္ဂါရပ်များမှာ တိကျမှန်ကန်ခြင်း (Accurate)၊ ယုံကြည်အားထားရခြင်း (Reliable)၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိခြင်း (Responsible and Accountable) တို့ဖြစ်ပါတယ်။

ဓာတ်ခွဲခန်းစစ်ဆေးစမ်းသပ်ချက်တစ်ခု၏ မှားယွင်းမှုမှဖြစ်ပေါ်လာသော သက်ရောက်မှုဂယက် Impact ကြီးမားခြင်းကို ၂၀၁၁ ခုနှစ်က ဂျာမနီနိုင်ငံတွင်ဖြစ်ပွားခဲ့သော Ecoli 0104 :H4 Outbreak မှ ဓာတ်ခွဲခန်းစစ်ဆေးမှုအဖြေမှားယွင်းခြင်းနှင့် ၂၀၁၅ ခုနှစ် မေလတွင် အိန္ဒိယနိုင်ငံ၌ ဖြစ်ပွားခဲ့သော Nestle ကုမ္ပဏီမှ ထုတ်လုပ်သော Maggi Instant Noodle အသင့်စားခေါက်ဆွဲထုပ်များတွင် ခဲဓာတ် (Lead) ပါဝင်မှုကျော်လွန်သောကြောင့် ပြည်တွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုကို တရားရုံးက အမိန့်ထုတ်ရပ်ဆိုင်းစေခဲ့သောဖြစ်ရပ်မှ ဓာတ်ခွဲခန်းစစ်ဆေးချက်က သတိထား၊ သင်ခန်းစာယူရန် စံနမူနာများဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏စားသောက်ကုန်ထုတ်လုပ်မှု၊ ရေထွက်ကုန်နှင့် စိုက်ပျိုးကုန်ပစ္စည်းထုတ်လုပ်မှုတို့၏ ပြည်တွင်းရောင်းချမှုနှင့် ပြည်ပပို့ကုန်တင်ပို့မှုအတွက် တိကျပြတ်သားမှန်ကန်သော စံချိန်စံညွှန်း ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ စစ်ဆေးကြပ်မတ် အကောင်အထည်ဖော်ခြင်း၊ လေ့ကျင့်ပံ့ပိုးကူညီပေးခြင်းနှင့် နိုင်ငံတကာအဆင့်ဓာတ်ခွဲခန်းများကို တည်ထောင်လုပ်ဆောင်ရန်သည် အရေးတကြီးမရှိမဖြစ်လိုအပ်ချက်ဖြစ်နေကြောင်းနှင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်သုံးရပ်နှင့် ပညာရှင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ထုတ်လုပ်ရောင်းချဝန်ဆောင်မှုပြုနေသည့်အဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။ ။

**မြန်မာနိုင်ငံစားသုံးသူများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး Food Safety နှင့် AFTA၊ AEC စတင်သက်ရောက်မှုရှိချိန်တွင် မြန်မာစားသောက်ကုန်များ အာဆီယံဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်ရေးအတွက် တိကျပြတ်သားသောစံချိန်စံညွှန်းနှင့် နိုင်ငံတကာအဆင့် ဓာတ်ခွဲခန်းများရှိလာဖို့လိုအပ်နေပြီဖြစ်. . .**

---

## ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက်၌ အခမဲ့ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက်အတွင်းရှိ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်သော ကွင်းဆင်းဆေးကုသမှုကို မေ ၂၄ ရက်က စာရေးကုန်းရပ်ကွက် အောင်သိဒ္ဓိမမ္မရိပ်သာ၌ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုနှင့် ဝန်ထမ်းများက ကွင်းဆင်းဆေးကုသပေးခဲ့သည်။

အဆိုပါ ဆေးကုသရေးအဖွဲ့က စာရေးကုန်းရပ်ကွက်အတွင်းရှိ ပြည်သူများ၏ အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါများ အစရှိသည့်ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။။

**လွှမ်းသီဟ (ဝါးခယ်မ)**



## ပြည်တွင်းရေးရာ

# လေပြင်းကျရောက်ခဲ့သည့် ဘော်ဆိုင်း၊ ပင်းတယ၊ ရွာငံမြို့တို့သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကာ ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး မေ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ၊ ရွာငံမြို့တို့တွင် မေ ၂၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်မှ ည ၇ နာရီ ၁၀ မိနစ်အတွင်း မိုးသက်လေပြင်းကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် မေ ၂၃ ရက် မွန်းတည့် ၁၂ နာရီက သွားရောက်ကြည့်ရှု၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသွားသော ဘော်ဆိုင်းကျေးရွာတွင် ကျေးရွာ ၁၁ ရွာရှိရာ ၁၁၈ အိမ် အမိုးလန်ပျက်စီးပြီး နေအိမ်တစ်လုံး ပြိုကျခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးသွားသော ကျေးရွာနေအိမ်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ် ၁၀ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စုတစ်စုအတွက် ပြိုလဲအိမ်များကို ငွေကျပ်ငါးသောင်းစီ၊ အမိုးလန်နေအိမ်များအတွက် ငွေကျပ်နှစ်သောင်းစီနှင့် ကျား+ မ(လုံချည်)၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့ကို ရပ်မိရပ်ဖတစ်ဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပင်းတယမြို့သို့ သွားရောက်ကာ တာတိုင်ကျေးရွာရှိဘုန်းကြီးကျောင်း၌ မိုးသက်လေပြင်းကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသွားသော နေအိမ်များကို ကြည့်ရှု၍ ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ထို့နောက် အလှူငွေများပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကအလှူငွေကျပ် ၁၀ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စုတစ်စုအတွက် ပြိုလဲအိမ်များကို ငွေကျပ်ငါးသောင်းစီ၊ အမိုးလန်နေအိမ်များအတွက် ငွေကျပ်နှစ်သောင်းစီနှင့် ကျား+မ (လုံချည်)၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့ကို ရပ်မိရပ်ဖတစ်ဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့ရှိ ပြည်သူများနှင့် တွေ့ဆုံပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ် ၁၀ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စုတစ်စုအတွက် ပြိုလဲအိမ်များကို ငွေကျပ်ငါးသောင်းစီ၊ အမိုးလန်နေအိမ်များအတွက် ငွေကျပ်နှစ်သောင်းစီနှင့် ကျား+ မ(လုံချည်)၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့ကို ရပ်မိရပ်ဖတစ်ဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။

မိုးသက်လေပြင်း ကျရောက်မှုကြောင့် ပင်းတယမြို့နယ်တွင် ဘုန်းကြီးကျောင်းရှစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်း၊ အခြားပျက်စီးဆုံးရှုံးမှုခုနစ်ခု၊ အိမ်ခြေ ၂၈၅ အိမ်၊ ရွာငံမြို့နယ် ကျေးရွာ ၁၈ ရွာတွင် ဘုန်းကြီးကျောင်း ၁၃ ကျောင်း၊ စာသင်ကျောင်းငါးကျောင်း၊ ဆေးပေးခန်းနှစ်ခန်း၊ လူနေအိမ် ၂၀၃ လုံး၊ အမိုးလန် ၁၃၁ လုံး၊ ပြိုကျ ၅၇ လုံးဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာအတွက် အိမ်အမိုးသွပ်များထောက်ပံ့

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မေ ၂၂ ရက် ည ၄ နာရီ ၄၅ မိနစ်ခန့်က လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မိုးသီးများကြွေကျခဲ့ရာ တောင်ကျချောင်းရေများကျဆင်းကာ လူသေဆုံးမှု၊ ပျောက်ဆုံးမှုနှင့် လူနေအိမ်အချို့ပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်က အမိုးသွပ်များထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ မိုးသက်လေပြင်းတိုက်ခတ်မှုနှင့် တောင်ကျချောင်းရေ ကျဆင်းမှုတို့ကြောင့် စဉ့်ကိုင်မြို့နယ် ကံကြီးကျေးရွာတွင် လူနေအိမ် ၃၂၂ လုံးနှင့် အလယ်တန်းကျောင်း တစ်ကျောင်း အမိုးအကာများပျက်စီးခဲ့ပြီး ကျွဲ၊ နွား၊ တိရစ္ဆာန်စုစုပေါင်း ၅၅ ကောင် သေဆုံးခဲ့ကြောင်း၊ ကျောက်ဆည်မြို့နယ် ရေသရောက်ကျေးရွာတွင် တောင်ကျချောင်းရေကြောင့် ဒေသခံလေးဦး သေဆုံးခဲ့ပြီး ကလေးငယ်နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ လူနေအိမ် ၁၆၀ တို့ အမိုးအကာများပျက်စီးခဲ့ကာ နွား၊ ဆိတ်၊ ဝက်စသည့် တိရစ္ဆာန်စုစုပေါင်း ၂၇၅ ကောင် သေဆုံးခဲ့ကြောင်း၊ ချောင်းဆုံကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင်လည်း လူနေအိမ် ၁၃၄ လုံး အမိုးအကာများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်ခဲ့သည့် ကျေးရွာများသို့ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာများတွင် တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များကလည်း စားသောက်ဖွယ်ရာများ ဖြန့်ဝေလှူဒါန်းခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များအတွက် အမိုးသွပ်ပြား ၁၈၅၀ နှင့် သွပ်ရိုက်သံများကို တိုင်းစစ်ဌာနချုပ်က မော်တော်ယာဉ်များဖြင့် ပေးပို့လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



### ✳ မြန်မာပြည်အထက်ပိုင်းမှ

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စုပေါင်း သောင်းချီရှိပြီး မိုးကြီးလေထန်မှုကို အားလုံးခံစားကြရသော်လည်း မိုးသီးကြွေခြင်းကိုဖြင့် ရွာတိုင်းမခံစားရပါ။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုပေါင်း ၂၁၃ ရွာ ရှိသည့်အနက် လေပြင်းတိုက် မိုးသီးမှန်သည့် ကျေးရွာမှာ ၄၆ ရွာ ရှိခဲ့သည်။ ၄၆ ရွာရှိသော်လည်း အဆိုးဆုံးထိခိုက်ခဲ့သောကျေးရွာမှာ တစ်ရွာတည်းသာရှိပြီး ကျန်ရွာများမှာ အနည်းငယ်စီသာ ပျက်စီးထိခိုက်ခဲ့သည်။ ကျေးရွာများ အများဆုံးဖြစ်ကြသည်မှာ လေပြင်းဒဏ်ကြောင့် အိမ်အမိုးလန်ပျက်စီးခြင်းဖြစ်သည်။ ကျောက်ဆည်မြို့နယ်အတွင်းရှိ ထိခိုက်မှုအများဆုံးဖြစ်ခဲ့သောကျေးရွာမှာ ရေသရောက်ကျေးရွာဖြစ်သည်။ ရေသရောက်ကျေးရွာတွင် နေအိမ် ၁၈၄ လုံးရှိပြီး လူဦးရေ ၉၁၂ ဦးနေထိုင်ကြသည်။ နေအိမ် ၁၈၄ လုံးတွင် အိမ် ၁၁ လုံးပြိုကျခဲ့ပြီး ၁၇၃ လုံး အမိုးလန်ပျက်စီးခဲ့သည်။ အဆိုးဆုံးမှာ သစ်ပင်ပိခြင်း၊ မိုးသီးမှန်ခြင်းနှင့် ရေစီးတွင်မျောပါသွားခြင်းတို့ကြောင့် လူလေးဦး သေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။ တိရစ္ဆာန် ၂၇၅ ကောင် သေဆုံးခဲ့ပြီး ဆိတ်များ ရာချီသေဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေသရောက်ကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးမြအောင်က "စဖြစ်တော့ လေနီကြမ်းလို့ထင်တာ။ နောက်တော့ လေတွေတအားတိုက်လာပြီး မိုးရွာလာတယ်ထင်တာ။ ခေါင်မိုးသွပ်တွေပေါ် တဖြောင်းဖြောင်းနဲ့ကျတဲ့အသံကြားရမှ မိုးသီးတွေမှန်းသိတာ။ ဘယ်သူမှ ထွက်မကြည့်ရဲကြဘူး။ မိုးသီးတွက အရွယ်စုံပဲလေ။ ကြီးတာတွေရော သေးတာတွေရောပဲ။ လမ်းမပေါ်မှာဆိုရင် ကြွေကျနေတဲ့မိုးသီးတွေက တစ်ထွာကျော်ကျော်အမြင့်လောက်ရှိတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း အေးခဲနေတာပဲ။ ကြွေကျချက်ကတော့ စက်သေနတ်နဲ့ ပစ်နေသလားထင်ရတယ်။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးတော့ တော်တော်လေးကို ထိတ်လန့်သွားတယ်။ တိရစ္ဆာန်တွေလည်း သနားပါတယ်။ ဒီမှာကတော့ လောလောဆယ်အနေအထားအရ လေပြင်းတိုက် မိုးသီးကြွေမှုကြောင့် လူငါးဦးရဲ့ရုပ်အလောင်းကိုပြန်ရလို့ သင်္ဂြိုဟ်ပြီးပါပြီ။ တစ်ဦးကတော့ ရုပ်အလောင်းရှာမတွေ့သေးပါဘူး"ဟု ဝမ်းနည်းဖွယ်ပြောပြသည်။

ရေသရောက်ကျေးရွာနှင့် ချောင်းဆုံကျေးရွာတို့သည် ဆင်းရဲနွမ်းပါးသော်လည်း ရိုးသားကြသည်။ တောင်ယာနှင့်မွေးမြူရေးကို အဓိကလုပ်ကိုင်ကြကာ ကုန်းမြင့်တွင်ရှိပြီး ဗဟုသုတနည်းပါးသောကြောင့် အထိနာခဲ့ရသည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသကဲ့သို့ အဆင်းရဲဆုံးကျေးရွာများသာ အထိပိုနာခဲ့ရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ဒုတိယအထိနာခဲ့သောမြို့နယ်မှာ စဉ့်ကိုင်မြို့နယ်ဖြစ်သည်။ စဉ့်ကိုင်မြို့နယ်တွင် ရွာပေါင်း ၁၅၉ ရွာရှိသည့်အနက် ၁၉ ရွာသာပျက်စီးဆုံးရှုံးခဲ့သည်။ လူအသေအပျောက်မရှိဘဲ တိရစ္ဆာန် ၂၄၃ ကောင်သေဆုံးခဲ့သည့်အနက် ဆိတ် ၂၂၈ ကောင်သေဆုံးခဲ့သည်။ ကံကြီးကျေးရွာတွင် ထိခိုက်မှုများပြီး တိရစ္ဆာန် ၁၁၀ သေဆုံးခဲ့သည်။

ကံကြီးကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦးက "အဲဒီနေ့ ညနေက အိမ်ရှေ့မှာ လှည်းဝင်ရိုးတပ်နေတာပါ။ အဲဒီအချိန်မှာ တဝေါဝေါအသံမြည်ပြီး လေပြင်းတွေတိုက်ကာ မိုးရွာချပါတယ်။ ဒါနဲ့ အိမ်ထဲကိုပြန်ဝင်နေတုန်း စက်သေနတ်ပစ်သံလို တဒိုင်းဒိုင်းမြည်လာလို့ ရွာကိုဓားပြဝင်စီးတာလား ထင်လိုက်တာ၊ ဘယ်ဟုတ်မလဲ ကျွန်တော့်အိမ်က မကြာသေးမီနှစ်ကမှ ဈေးချိုချိုနဲ့ ဝယ်မိုးခဲ့တဲ့ သွပ်ပြားတွေကို ဖောက်ထွက်၊ လွင့်ထွက်ပြီး မိုးသီးတွေကျလာကို မြင်လိုက်မှ လန့်သွားပါတယ်။ အချို့မိုးသီးတွေက ထန်းသီးလုံးငယ်လောက်ရှိလို့ အိမ်အမိုးကို ဖောက်ထွက်သွားတာပါ။ ဒီသွပ်တွေကို လုံးဝပြန်သုံးလို့မရတော့ပါဘူး။ မိုးတိတ်လို့ကြည့်လိုက်တော့ အပေါက်ဖွာလရာနဲ့ အက်စစ်တွေစားလို့ စုတ်ပြတ်သွားပါပြီ"ဟု သူ၏အတွေ့အကြုံကို ရှင်းပြသည်။

ကံကြီးရွာမှာ ရွာလုံးကျွတ်နီးပါး ပျက်စီးခဲ့ပြီး လူဦးရေ ၁၄၄၁ ဦးရှိသည့် ရွာကြီးတစ်ရွာဖြစ်သည်။ အိမ်အမိုးသင့်ရုံပျက်စီးခဲ့သူများက ကိုယ့်အိမ်ကိုယ်ဖာထေးနေထိုင်ကြပြီး အပျက်အစီးများသူများမှာ ဓမ္မာရုံနှင့်အခြားအရပ်ရှိ အမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့နေကြရသည်။ ဒဏ်ရာအနည်းငယ်ရသူများအား ဓမ္မာရုံတွင် ဆေးကုသပေးသည်။ ထို့နောက်ကူညီကယ်ဆယ်ရေးကို ချက်ချင်းလိုက်ပါဆောင်ရွက်ပေးသော တာဝန်ရှိသူတစ်ဦးက "ထူးဆန်းတာက ဒီရွာကလူငယ်တွေဟာ ဖုန်းခရေစီတွေပါပဲ။ ဒီလောက်ကပ်ဘေးကျနေတာတောင် ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်တင်ကြတယ်လေ။ သူတို့တင်လို့လည်း ဒီရွာကို ကျွန်မတို့ အမြန်သွားနိုင်တာပါ"ဟု ပြောပြသည်။

စတင်ဖြစ်ပွားစဉ်က ဖြစ်လျှင်ဖြစ်ချင်း ရောက်လာကြသူများမှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်မှအဖွဲ့အစည်းများဖြစ်ပြီး ကံကြီးရွာသို့ ပထမဆုံးလာရောက်သူမှာ ကျပ်သိန်း ၅၀ နှင့် လူမှုကူညီရေးဆောင်ရွက်ပေးသူ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်ဖြစ်သည်။ ယခု မေ ၂၃ နှင့် ၂၄ ရက်တို့တွင် အနယ်နယ်အရပ်ရပ်မှ လူမှုကူညီရေးနှင့် အလှူရှင်များ တဖွဲဖွဲရောက်လာကြပြီး ပြည်သူများအား ကိုယ်တိုင်ကိုယ်ကျ ကူညီစောင့်ရှောက်ပေးကြသည်။ တစ်ဆက်တည်းတွင် လူ/ကယ်/ပြန်ဝန်ကြီးဌာနဝန်ကြီးက ကံကြီးကျေးရွာသို့ သွပ်အချပ် ၃၀၀၀ နှင့် မိုးကာဖျင်များလှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံတွင် စိန်ခေါ်မှုအသစ်ကြုံတွေ့လာရသည်။ ယခုသဘာဝဘေးဖြစ်စဉ်မှာ ထိုအရပ်ဒေသတွင် နေထိုင်ကြသော ဒေသခံသက်ကြီးရွယ်အိုအဘိုးအဘွားတို့က ၎င်းတို့တစ်သက်တွင် ထိုအဖြစ်မျိုးမကြုံဖူးကြောင်း ပြောပြခဲ့သည်။ ပြည်သူများ ကောင်းမှုကုသိုလ်များ တတ်နိုင်သလောက်လုပ်ကြပြီး စိတ်ကောင်းနှလုံးကောင်း တစ်ဦးနှင့်တစ်ဦးအပေါ် ထားကြကာ အားနည်းသူ၊ ဒုက္ခရောက်သောသူတို့ကို ကူညီကြရန် အလှူရှင်ဆရာတော် တစ်ပါးက ဆုံးမစကားပြောကြားသည်။

■

### ❖ ရေစကြိုမှ

လေပြင်းဒဏ်သင့်ခဲ့သော ဒေသများမှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ မြေနုကျွန်းများဖြစ်ပြီး နှစ်စဉ်သင်္ကြန်ကာလအပြီး၌ လေပြင်းတိုက်ခတ်လေ့ရှိသော်လည်း ယခုကဲ့သို့ ပြင်းထန်မှုမရှိခဲ့ကြောင်း၊ နှစ်စဉ်မိုးရာသီတွင် မြစ်ရေတက်လေ့ရှိသဖြင့် ၎င်းဒေသ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပေါင်းစပ်၍ လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



လေပြင်းတိုက်ပြီး မိုးသီးထိမှန်ပျက်စီးသွားသော ရေသရောက်ကျေးရွာအတွင်းမှ အိမ်များကို တွေ့ရစဉ်။



## ဘီယွန်းစေးရဲ့တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်

အမေရိကန်ပေါ့ပ်အဆိုတော်ဘီယွန်းစေးက သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် "Lemonade"ကို ပြီးခဲ့တဲ့ မေ ၂၄ ရက်က စတင်ထုတ်လွှင့်ခဲ့ကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကာလအတော်ကြာစောင့်ဆိုင်းခဲ့ရတဲ့ ယင်းတေးအယ်လ်ဘမ်သစ်ဟာ ဘီယွန်းစေးရဲ့ ခြောက်ခုမြောက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်ပြီး သူနဲ့ ခင်ပွန်းသည်ဂျေဇီးတို့ပိုင်ဆိုင်တဲ့ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ တိုက်ဒယ်ကနေတစ်ဆင့် စတင်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

တေးသီချင်း ၁၂ ပုဒ်ပါဝင်တဲ့ အဆိုပါတေးအယ်လ်ဘမ်အတွက် အထူးအစီအစဉ်တစ်ရပ်ကို HBO ရုပ်သံလိုင်းကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပြီး ယင်းအစီအစဉ်ကို တေးအယ်လ်ဘမ်ရဲ့အမည်အတိုင်း "Lemonade" လို့ ပေးခဲ့ပါတယ်။ ယင်းအထူးအစီအစဉ်မှာတော့ ဘီယွန်းစေးက သူ့ရဲ့ဘိုးဘွားတွေရဲ့နောက်ကြောင်းရာဇဝင်၊ လူမျိုးရေးခွဲခြားမှုနဲ့ပြဿနာတွေနဲ့ အမျိုးသမီးတွေ တန်းတူအခွင့်အရေးမရမှု စတဲ့အကြောင်းအရာတွေကို ထည့်သွင်းပုံဖော်ထားတာတွေ့ရမှာ ဖြစ်ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်မှာ ဟောလီဝုဒ်ရဲ့ဂီတအကျော်အမော်တွေဖြစ်ကြတဲ့ ကန်းဒရစ်လမ်မာ၊ ဂျက်ခ်ဝှိုက်၊ ဂျိမ်းစ်ဘလိတ်ခ်၊ သယ်ဝိခ်ကန်းဒ်နဲ့ ရိုးလင်းစတုန်းတေးဂီတအဖွဲ့ဝင်တွေအပါအဝင် အခြားသောအနုပညာရှင်တွေလည်း ကူညီပါဝင်အားဖြည့်ထားကြောင်း သိရပါတယ်။ လအတော်ကြာအောင် လျှို့ဝှက်ဖန်တီးခဲ့ပြီး တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတဲ့ ယင်းတေးအယ်လ်ဟာ နောက်ဆုံးတော့ ပရိသတ်ရှေ့မှောက် ရောက်ရှိလာခဲ့ပြီဖြစ်ကာ ယင်းတေးအယ်လ်ဘမ်မှ တေးသီချင်းတွေနဲ့ ဓာတ်ပုံတွေကိုလည်း ဘီယွန်းစေးရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ကြည့်ရှုနိုင်ပြီဖြစ်ပါတယ်။

## သိပ္ပံရုပ်ရှင်သစ် ""Okja"" တွင် စတီဗင်ယွန်ပါဝင်သရုပ်ဆောင်မည်

ကိုရီးယား-အမေရိကန်လူမျိုး ဟောလိဝုဒ်ကြယ်ပွင့်မင်းသားစတီဗင်ယွန်ဟာ ဖုတ်ကောင်တွေအကြောင်း ရိုက်ကူးတင်ဆက်ထားတဲ့ သည်းထိတ်ရင်ဖိုရုပ်ရှင် "The Walking Dead"ဇာတ်လမ်းတွဲရုပ်ရှင်တွေနဲ့ ကျော်ကြားလာသူတစ်ဦးဖြစ်ပါတယ်။ သူဟာ နက်ဖ်လစ်ဇ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သွားမယ့် သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင် "Okja"မှာ ပါဝင်သရုပ်ဆောင်သွားရန် မကြာသေးမီက သဘောတူခဲ့ပြီးဖြစ်ကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

စတီဗင်ယွန်ဟာ အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်သွားဖို့ ယင်းရုပ်ရှင်ရဲ့ဒါရိုက်တာဘောင်းဂျွန်ဟိုနဲ့ တွေ့ဆုံခဲ့ပြီးဖြစ်ကာ ယင်းရုပ်ရှင်ကိုလာမယ့် ၂၀၁၇ ခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

ယင်းရုပ်ရှင်ဟာ တိရစ္ဆာန်တွေနဲ့ လူသားတွေအကြားထားရှိတဲ့ လှပတဲ့ခံစားမှုတွေနဲ့ အပြန်အလှန်လေးစားမှုကို ပုံဖော်ရိုက်ကူးသွားမှာဖြစ်ပြီး အဆိုပါရုပ်ရှင်မှာ "Okja"လို့အမည်ရတဲ့ သတ္တဝါတစ်ကောင်ကို "မီဂျာ"ဆိုတဲ့ အမျိုးသမီးငယ်လေးတစ်ဦးက ကာကွယ်စောင့်ရှောက်သွားပုံတွေကို ရှုမြင်ခံစားကြရမှာဖြစ်ပါတယ်။



အေးပြည့် ရေးသားသည်

## ဆောင်ဂျွန်ကီနဲ့ ချစ်သူတွေမဟုတ်ပါဘူးလို့ဆိုလာတဲ့ ဆောင်းဟေကို

အာရှပရိသတ်တွေအကြား အထူးရေပန်းစားလျက်ရှိတဲ့ တောင်ကိုရီးယားဒရမ်မာဇာတ်လမ်းတွဲ ရုပ်ရှင် "Descendants of the Sun"မှာ ခေါင်းဆောင် ပါဝင်ထားကြတဲ့ မင်းသမီးဆောင်းဟေကိုနဲ့ မင်းသားဆောင်ဂျွန်ကီတို့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလသတင်းတွေဟာလည်း အဆိုပါရုပ်ရှင်နဲ့အတူ မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူလျက်ရှိပါတယ်။

ယင်း ကောလာဟလသတင်းနဲ့ပတ်သက်ပြီး မင်းသမီးဆောင်းဟေကိုက ပြီးခဲ့တဲ့ မေ ၂၀ ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာကတော့ သူတို့နှစ်ဦးဟာ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေသာဖြစ်ပြီး ချစ်သူတွေမဟုတ်ကြောင်း ဆိုခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မကြာသေးမီက သူတို့နှစ်ဦး နယူးယောက်မှာတွေ့ဆုံခဲ့ကြရာ ယင်းတွေ့ဆုံမှုအတွင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပေါ်ထွက်လာခဲ့ပြီးတဲ့နောက် သူတို့နှစ်ဦးရဲ့ ကောလာဟလတွေ ဆက်တိုက် ထွက်ပေါ်လာခဲ့တာပဲဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေမှာ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့နှစ်ဦးဟာ ဆင်တူလက်ပတ်တစ်စုံကို ဝတ်ဆင်ထားတာတွေ့ရတာကြောင့် ကောလာဟလတွေကို ပိုမိုကြီးထွားလာစေခဲ့တာ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဝတ်ဆင်ခဲ့တဲ့ ဆင်တူလက်ပတ်နှင့်ပတ်သက်ပြီး ဆောင်းဟေကိုက သူဝတ်ဆင်ထားခဲ့သည့် အရာမှာ လက်ပတ်မဟုတ်ဘဲ ခေါင်းစည်းကွင်း တစ်ခုဖြစ်ကြောင်းနဲ့ ဆောင်ဂျွန်ကီ ဝတ်ဆင်ထားခဲ့သည့် လက်ပတ်မှာ သူ့ရဲ့အဝတ်အစားဒီဇိုင်နာက ဝတ်ဆင်စေခြင်းဖြစ်နိုင်ကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ ဆောင်းဟေကိုအနေနဲ့ ရှင်းလင်းချက်တွေ ဘယ်လိုပဲထုတ်ထုတ် တွဲဖက်ရိုက်ကူးခဲ့တဲ့ မင်းသားတွေနဲ့ ဇာတ်လမ်းတွေဖြစ်လေ့ရှိတဲ့ သူ့ရဲ့နောက်ကြောင်း ရာဇဝင်တွေကြောင့် မီဒီယာတွေက ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ ချစ်သူတွေဖြစ်နေတယ်ဆိုတာကို သံသယရှိနေကြဆဲဖြစ်ပါတယ်။

အဆိုပါ ကောလာဟလတွေနဲ့ပတ်သက်ပြီး မင်းသားဆောင်ဂျွန်ကီကလည်း ယင်းသတင်းတွေဟာမမှန်ကန်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ သာမန်မိတ်ဆွေတွေသာ ဖြစ်ကြကြောင်း ပြန်လည်ငြင်းချက်ထုတ်ခဲ့ပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူး တစ်ခုမှာတော့ ဆောင်းဟေကိုက သူ့ရဲ့လက်ထပ်မယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့ပါတယ်။ သူ့အနေနဲ့ တစ်ချိန်ချိန်မှာ လက်ထပ်ဖို့ စဉ်းစားထားပေမယ့် လတ်တလောမှာတော့ မဖြစ်နိုင်သေးပါဘူးလို့ သူကဆိုခဲ့ပါတယ်။ သူ့အတွက် လက်ထပ်ဖို့အချိန်တန်ပြီဆိုတာ သဘောပေါက်လက်ခံပေမယ့် ကိုယ်နှစ်သက်ရာအလုပ်ကို လုပ်ကိုင်ခွင့်ရနေပြီး ကိုယ့်ဘဝကိုကိုယ်ကျေနပ်နေတဲ့ လတ်တလောအချိန်မှာတော့ လက်ထပ်ဖို့ရာမဖြစ်နိုင်သေးကြောင်း အသက်(၃၄)နှစ်အရွယ် မင်းသမီးက ဖြေကြားခဲ့ပါတယ်။





"Descendants of the Sun" ရုပ်ရှင်မှ ဆောင်းဟေကိုနှင့် ဆောင်ဂျွန်ကီ။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅ - ၄ -၂၀၁၆ (တနင်္လာနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ရတနာသုတ် |
| ၅း၄၀ | "ဥဒါန်းကျူးလို့ ပျော်ခဲ့ပြီ" တရားတော် [ဆရာတော် သီတဂူ အရှင်ဇဋိလ(အရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၂) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် [(၂၀)နှစ်မြောက် မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား] |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၀) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | သွားမယ် စားမယ် (Remen Bar) |
| ၁၁း၃၅ | Forever Music Tribute Water Party ရေ Party (အပိုင်း-၃) (ပထမပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၂) |
| ၁၂း၃၅ | ပဏ္ဍိတာရာမ သာသနာ့ရိပ်သာများမှတ်တမ်း (အပိုင်း-၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၈) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၄၂) |
| ၃း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (ပထမအကြိမ် မော်လမြိုင်စိန်ပက်ထရစ် အ. ထ. က(၅)မှ ကျန်းမာရေးထောက်ပံ့ငွေပေး အပ်ပွဲအခမ်းအနား) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၃) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၉) |
| ၈း၁၀ | Drive It |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၁) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၃) |
| ၁၀း၁၀ | MRTV-4 Stage |
| ၁၀း၃၅ | World of Knowledge (Megafactories : Dodge Chal lenger) |
| ၄း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ(တရားမြတ်၏ ရောင်ခြည်တော် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်) |

### MWD

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၄း၀၅ | တစ်ပတ်အတွင်းမွေးမြူရေး သတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ ကျွန်တော် အပိုင်း(၁၅) |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့ ချစ်ပန်းသခင် အပိုင်း(၁၄) |
| ၆း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများ အပိုင်း(၅၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသ သတင်း -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟိုတယ်ဘုရင် အပိုင်း(၂၂) |

### mitv

| | |
|---|---|
| 07:26 | Myanmar Delicate Artistic Creations- Gem Stone Painting |
| 07:45 | MONASTERY (Bargayar Kyaung) |
| 08:03 | News |
| 08:26 | Chinlone and the dreams of the player |
| 08:40 | Buddha Image Built Of Bamboo Strip |
| 08:52 | Independent Filmmaker |
| 09:03 | News |
| 09:26 | A Trip To The City Of Rakkhita, Rakhine |
| 09:46 | Colourful Threads |
| 09:54 | Parents' Day |
| 10:03 | News |
| 10:26 | Products Of Myanmar - Stone Of The Heavens |
| 10:51 | Writer |

**Prime Time**

| | |
|---|---|
| 07:03 | Pm News |
| 07:26 | Food Trip (EP-4) (Part-1) |
| 07:45 | Pyin Oo Lwin Sweater |
| 07:53 | Sticky Shan Snack |
| 08:03 | News |
| 08:26 | Taste Of Myanmar (Shan - Flat -Rice- Noodle Soup) |
| 08:41 | Kid's Home |
| 08:47 | Entrepreneur "Nan Ei Ei Zar |



# ဘာစီလိုနာအသင်း စပို့တင်းဂီဂျွန်အား ခြောက်ဂိုးပြတ်နိုင်ပွဲရရှိ

စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံး၌ရပ်တည်လျက်ရှိသည့် ဘာစီလိုနာအသင်းသည် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စပို့တင်းဂီဂျွန်အသင်းနှင့်ပွဲစဉ်တွင် ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

စပိန်လာလီဂါပြိုင်ပွဲ၏ ပွဲစဉ်(၃၅)အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ထိပ်ဆုံးအသင်းများထဲတွင် အက်သလက်တီကိုမက်ဒရစ်အသင်းသည် အိမ်ကွင်းတွင် မာလာဂါအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အပြင် ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း အဝေးကွင်းတွင် ဗယ်လက်ကာနိုအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းနှင့် စပို့တင်းဂီဂျွန်အသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီကအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲကစားချိန် ၁၂ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့ရာ၌ တိုက်စစ်မှူး ဆွာရက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ သွင်းဂိုးလေးဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး တိုက်စစ်မှူးနေမာနှင့် မက်ဆီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက စပို့တင်းဂီဂျွန်အသင်းအား ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့ရာ၌ ပင်နယ်တီသွင်းဂိုး သုံးဂိုးအထိပါဝင်ခဲ့ပြီး စပို့တင်းဂီဂျွန်အသင်းမှ ဗရမ်ဂျက်စ်မှာ ပွဲကစားချိန် ၈၄ မိနစ်တွင် နှစ်ဝါတစ်နီဖြင့်ပင် ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ (ငွေကြယ်)

## လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ်(၃၂-D)နေ
ဦးမောင်မောင်သောင်း(ဦးစီးအရာရှိ-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်သီတာယဉ်တို့၏သားကြီး

**ဗိုလ်ကြီးစွမ်းပြည့်ထက်**

**B.Sc(D.S.A),M.Sc(Physics)Ph.D(Thesis)**

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ငုဝါလမ်း၊ ခြံအမှတ်(H-6)နေ
ဗေဒကျော်ထင်ဗိုလ်ချုပ်သိုးထိန်း(ငြိမ်း)- ပါမောက္ခဒေါ်ဝင်းတင်(ငြိမ်း)တို့၏သမီးကြီး

**မမေသန္တာတင်**

**B.C.Sc**

ဦးစီးအရာရှိ အကောက်ခွန်ဦးစီးဌာန

တို့၏ ၂၃-၄-၂၀၁၆ ရက် (စနေနေ့) Novotel Yangon Max Hotel (Yangon Ballroom)တွင် ကျင်းပပြုလုပ်သော လက်ထပ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် အောင်မင်္ဂလာစံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗေဒကျော်ထင် ဗိုလ်ချုပ်ကြီးသူရသက်ဆွေ (ငြိမ်း)နှင့်ဇနီး ဒေါ်ဝေမာမာထွန်း၊ လက်ထပ်မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော သီရိပျံချီ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း(ငြိမ်း)နှင့်ဇနီး ဒေါ်နိုင်နိုင်မော်၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မခြူးဟေမာန်သွန်း၊ အောင်မင်္ဂလာစံပယ်ပန်းကုံး ဆက်ကမ်းပေးပါသော မသက်သက်လှဲ့ဦး၊ လက်ထပ်လက်စွပ်ဆက်ကမ်း ပေးပါသော ဒေါက်တာမေနန္ဒာတင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးရဲမာန်အောင်နှင့် ဗိုလ်ကြီးဇွဲကိုကို၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မဝေမွန်အောင် (ဒု-အကောက်ခွန်မှူး)နှင့် မဆုလတ်စိုးမင်း (ဦးစီးအရာရှိ-အကောက်ခွန်)၊ ဆံပင်/မိတ်ကပ်အလှပြင် မေဦး၊ မင်္ဂလာဝတ်စုံ Wedding Palace၊ ဓာတ်ပုံ/ဗီဒီယိုမှတ်တမ်း ရိုက်ကူးပေးသော Forever၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ Hotel Manager နှင့်ဝန်ထမ်းများ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီး အကဲများ၊ အရာရှိကြီးများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့မွန်များ ပေးပို့ချီးမြှင့်ကြသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးစွမ်းပြည့်ထက်-မမေသန္တာတင်

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



© AFP/Getty Images

# ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရှစ်မှတ်ပြတ်ဖြင့် လက်စတာ ဦးဆောင်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၃၅)အဖြစ် ဧပြီ ၂၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် လက်စတာစီးတီးအသင်းသည် ဆွမ်ဆီးအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရှစ်မှတ်ဖြတ်ကာ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

လက်စတာစီးတီးအသင်းနှင့် ဆွမ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် လက်စတာစီးတီးအသင်း၏ သွင်းဂိုးများကို မာရက်ဇ်၊ အူလ်လိုဝါနှင့် အယ်လ်ဘရိုက်တန်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ယခုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ ဒုတိယနေရာမှ စပါးအသင်းကို ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့ပြီး စပါးအသင်းမှာ ပွဲစဉ်(၃၅)အဖြစ် ဧပြီ ၂၅ ရက်တွင် ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်ရှိတွင်လည်း ပရီမီယာလိဂ်ဖလားရယူဆွတ်ခူးနိုင်မည့် အခွင့်အရေးတစ်ရပ်ကိုလည်း ပိုင်ဆိုင်တော့မည့် အနေအထားသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ လက်စတာစီးတီးအသင်းသည် လက်ကျန်ပွဲစဉ်သုံးပွဲသာ ကျန်ရှိတော့ပြီး အဆိုပါ ပွဲစဉ်များမှာ မန်ယူအသင်း၊ အဲဗာတန်အသင်း၊ ချယ်လ်ဆီးအသင်းတို့နှင့် ပွဲစဉ်များဖြစ်သည်။

(နိုင်လင်းကြည်)

## ဘောလုံးလောကသတင်းတိုများ

○ ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရသည့် နည်းပြမော်ရင်ဟိုသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်၏နေရာတွင် လွှဲပြောင်းတာဝန်ယူမည်ဖြစ်ပြီး မန်ယူအသင်းနှင့် စာချုပ်ချုပ်ဆိုထားကြောင်း လာမည့်သီတင်းနှစ်ပတ်အတွင်း ထုတ်ဖော်ပြောကြားမည်ဟုဆိုသည်။

○ မန်ယူအသင်းသည် အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီပေးအားပြန်လည်ရောင်းချသွားမည်ဖြစ်ပြီး အဆိုပါကစားသမားမှာ ပီအက်စ်ဗွီအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် အိုးထရက်ဖို့ဒ်သို့ ခေါ်ယူထားသည့် ကစားသမားဖြစ်သည်။

○ ချယ်လ်ဆီးအသင်းသည် မန်စီးတီးအသင်းမှ အင်တာမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားလျက်ရှိသည့် အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျိုးဗီတစ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

○ ဘာစီလိုနာဂိုးသမား စတီဂန်သည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည် ဖြစ်သောကြောင့် ၎င်းနေရာတွင် အစားထိုးဂိုးသမားအဖြစ်ခေါ်ယူရန် လက်စတာစီးတီးဂိုးသမား ရှမိုက်ကယ်အား ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

○ မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်သော်လည်း ကွင်းလယ်ကစားသမား ယာယာတိုရေးမှာ ပါဝင်လာရန်မသေချာသေးကြောင်း သိရသည်။

(ငွေကြယ်)

# မန်စီးတီးနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒို ပါဝင်လာမည်ဟု ဇီဒန်းဆို

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်တွင် ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည့် စီရိုနယ်လ်ဒိုပါဝင်လာမည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းကပြောကြားခဲ့ပြီး တိုက်စစ်မှူးဘင်ဇီမာသည် ဗယ်လက်ကာနိုအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပါဝင်လာရန်မသေချာကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည် ဗီလာရီးယဲလ်အသင်းနှင့် ပွဲစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး စပိန်လာလီဂါဖလားရရှိနိုင်မည့်လမ်းကြောင်းပေါ်သို့လည်း အရောက်ပို့ပေးနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် လွဲချော်သည့် လိဂ်ပွဲစဉ်မရှိသလောက်ရှိခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် မန်စီးတီးအသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပထမအကျော့တွင် လွဲချော်လိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့သူဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် ဒဏ်ရာပြဿနာမှာ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်လာမည်ဟု ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ထုတ်ဖော်ပြောကြားလိုက်သည်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် လိဂ်သွင်းဂိုး ၂၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ခြေစွမ်းပိုင်းမှာ ပိုမိုတောက်ပလာခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။

(ငွေကြယ်)





## ဘုရားဆင်းတုတော်များနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေး

**နေပြည်တော် မေ ၂၄**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက ပြည်လုံးကျော်ကျေးရွာအရှေ့ဘက် ရေယူချောင်းမကြီးပေါင်ပေါ်၌ ရပ်တန့်ထားသည့် YGN 8H/---- Super Custom ခဲဖြူရောင်ယာဉ်အား မသင်္ကာ ဖွယ်တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်ပေါ်၌ ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်နေ ဝင်းနိုင်ဦး(၄၁)နှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မင်းတုန်းကြီးကျေးရွာနေ အောင်မြင့်ထွေး (၂၉)နှစ်နှင့် ရွှေဘိုမြို့နယ် မြင်းစီးကျေးရွာနေ အောင်ချမ်း (၃၃)နှစ်တို့အား ဂုန်နီအိတ်၊ ပီနံအိတ်များဖြင့်ထုပ်ထားသည့် ဉာဏ်တော်အမြင့် ၁၈ လက်မရှိ ပလ္လင်ပါ တင်ပလ္လင်ခွေ စကျင်ကျောက် ဘုရားဆင်းတုတော်နှစ်ဆူ၊ ဉာဏ်တော်အမြင့် ၁၈ လက်မခွဲရှိ ပလ္လင်ပါ တင်ပလ္လင်ခွေ စကျင်ကျောက်ဘုရားဆင်းတုတော် တစ်ဆူ၊ ဉာဏ်တော်အမြင့် ၂၃ လက်မရှိ ပလ္လင်ပါ တင်ပလ္လင်ခွေ စကျင်ကျောက် ဘုရားဆင်းတုတော် နှစ်ဆူ၊ ဉာဏ်တော်အမြင့် ၂၅ လက်မရှိ ပလ္လင်ပါ တင်ပလ္လင်ခွေ စကျင်ကျောက်ဘုရားဆင်းတုတော် တစ်ဆူတို့နှင့်အတူ တွေ့ရှိရ၍ စစ်ဆေးရာ အဆိုပါ ဘုရားဆင်းတုတော်များနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာ ပြောဆို ပြသနိုင်ခြင်းမရှိသဖြင့် ဝင်းနိုင်ဦးပါ သုံးဦးအား မြစ်ငယ် နယ်မြေရဲစခန်းက(ပ)၁၅၇/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၈၀/ကျင့် ၅၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ညောင်လေးပင်တွင် ၂၀ ဘီးကား အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**ညောင်လေးပင် မေ ၂၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ထော်နွတ်ကျေးရွာအနီးတွင် ယနေ့ နံနက်ပိုင်းက ၂၀ ဘီးနောက်တွဲယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၀၆/၅) နှင့် (၁၀၆/၆) အကြား ထော်နွတ်ကျေးရွာအနီးတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း နိုင်စိုးဝင်း(၂၄)နှစ် ကျောက်ဆည်မြို့နေသူမောင်းနှင်လာသော 4J---- (အနီရောင်) ၂၀ ဘီး Nisson နောက်တွဲယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏အရှေ့ဘက်သို့ တိမ်းမှောက်သွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် နိုင်စိုးဝင်းတွင် ယာမျက်လုံးပေါက်ပြဲသွေးထွက်ဒဏ်ရာရရှိပြီး အတူပါလာသည့် ဇော်မင်းအောင် (၃၇) နှစ် လှိုင်သာယာမြို့ (၁၁) ရပ်ကွက် နေထိုင်သူတွင် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ဒဏ်ရာရသူအား ရဲဆေးစာဖြင့် ပိန်းဇလုပ်တိုက်နယ်ဆေးရုံတွင် ပြင်ပလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးကုသမှု ခံလျက်ရှိသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ နိုင်စိုးဝင်းအား ပိန်းဇလုပ်နယ်မြေရဲစခန်းက ယာဉ်(ပ) ၅/၂၀၁၆ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## ကွန်ပစ်၍ငါးဖမ်းရာက အားလွန်ပြီးလဲကျကာ ရေနစ်သေဆုံး

**နေပြည်တော် မေ ၂၄**
မေ ၂၂ ရက် နံနက် ၁၁ နာရီခွဲက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းချောင်းအတွင်း ရေနစ်သေဆုံးသည့်အလောင်းတစ်လောင်းတွေ့ရှိကြောင်း သတင်းအရ စကုနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာနေ အောင်မြင့်သိန်း (၄၅)နှစ်အား ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးသည့် လက္ခဏာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသည်။

မေးမြန်းချက်အရ အောင်မြင့်သိန်းနှင့် တစ်ရွာတည်းနေ စိန်ကျော်ဌေးတို့သည် မန်းကျိုးကျေးရွာတောင်ဘက်၊ မန်းချောင်းတံတားအထက်ဘက်ရှိ ရေအနက် ၁၅ ပေ၊ အကျယ်ပေ၅၀ ခန့်ရှိ မန်းချောင်းကမ်းစပ်၌ ကွန်ပစ်၍ငါးဖမ်းကြကြောင်း၊ ယင်းသို့ ငါးဖမ်းနေစဉ် အောင်မြင့်သိန်းမှာ ကွန်ပစ်ရာက အားလွန်ပြီး ရေထဲသို့ပြုတ်ကျနစ်မြုပ်သွားသဖြင့် စိန်ကျော်ဌေးက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အောင်မြင့်သိန်း၏ဇနီးတို့အား သွားရောက် အကြောင်းကြားခဲ့ပြီး ချောင်းအတွင်း လိုက်လံရှာဖွေရာ ရေနစ်သေဆုံးနေသည့် အောင်မြင့်သိန်း၏ အလောင်းအား ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၉/၂၀၁၆)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

မီး သတိပြု

## ဖောင်းပြင်မြို့နယ်အတွင်း၌ လေပြင်းတိုက်ခတ်သဖြင့် စာသင်ကျောင်းနှင့် လူနေအိမ်အချို့ပျက်စီး

**ဖောင်းပြင် မေ ၂၄**
ဖောင်းပြင်မြို့နယ်တွင် မေ ၂၃ ရက် ညနေ ၃ နာရီ ၃၅ မိနစ်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်း၊ မြို့နယ်တောင်ဘက် ပိုင်းကျေးရွာအုပ်စုများတွင် လက်သီးဆုပ်အရွယ်ခန့် မိုးသီးများကျခြင်းတို့ကြောင့် မိုင်းချောင်းအုပ်စု မိုင်းချောင်းကျေးရွာတွင် နေအိမ် ၅၀ အိမ်ခေါင်မိုးသွပ်များပေါက်ပြဲခြင်း၊ ကပ္ပိကျေးရွာတွင် နေအိမ် ၆၅ လုံးနှင့် အမက(ခွဲ)စာသင်ကျောင်း ခေါင်မိုးပေါက်ပြဲ အမိုးလန်ခြင်း၊ ခုံသာကျေးရွာတွင် အိမ်ပြိုလဲငါးလုံး၊ အမိုးလန် ၂၀ စုစုပေါင်း နေအိမ် ၂၅ လုံးနှင့် စာသင်ကျောင်း အမိုးလန်ခြင်း၊ ရွာသာကျေးရွာတွင် နေအိမ်သုံးလုံး အမိုးလန်ပြီး နေအိမ် ၁၃ လုံး အိမ်ခေါင်သွပ်မိုးများ ပေါက်ပြဲခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**ဖောင်းပြင် (ပြန်/ဆက်)**

## မကွေးမြို့ အစိုးရအဖွဲ့အိမ်ရာဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

**မကွေး မေ ၂၄**
မကွေးမြို့ အစိုးရအဖွဲ့အိမ်ရာဝင်းအတွင်း ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က မြက်ခြောက်များမီးလောင်မှုဖြစ်ပွားခဲ့ရာ ပြည်သူများဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မီးသတ်ယာဉ် ၁၃ စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းခဲ့သည်။

မီးလောင်ကျွမ်းမှုတွင် နေအိမ်အဆောက်အအုံများမပါရှိဘဲ အိမ်ရာဝင်းအတွင်း မြက်ခြောက်များသာ လောင်ကျွမ်းခြင်းဖြစ်ပြီး အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှသိရသည်။

**ခင်မာလာ(မကွေး)**



## တရားမဝင်သစ် သယ်ဆောင်လာသူများအား အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၂၄**
မေ ၂၂ ရက် နံနက် ၄ နာရီခွဲက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဘန်းကုန်းသစ်တောကြိုးဝိုင်းဘက်မှ မကွေးမြို့ဘက်သို့ တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ မကွေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ယင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ မကွေးမြို့နယ် ကြောင်ပျောက်ကျေးရွာအနီး၊ မကွေး-တောင်တွင်းကြီးကားလမ်း၌ သွားရောက်စောင့်ဆိုင်းနေခဲ့သည်။

ထိုသို့စောင့်ဆိုင်းနေစဉ် အဆိုပါကားလမ်းအတိုင်း ဆင်ပေါင်ဝဲမြို့ဘက်မှ မကွေးမြို့ဘက်သို့ မောင်းနှင်လာသော Q/×××× FUSO အမျိုးအစား ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားကျေးရွာနေ ယာဉ်မောင်း မျိုးဇော်ထိုက်(၂၈)နှစ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ပန်းလည်ရွာနေ ဝင်းတင့်(၄၅)နှစ်နှင့် တောင်တွင်းကြီးမြို့နယ် ကွမ်းခြံစုရွာနေ နန်းဝင်း(၂၆)နှစ်တို့အား တရားမဝင် အခြားသားသစ်ခွဲသားဆိုဒ်စုံ ၂၅ တုံး ၅ ဒသမ ၃၃၇၄ တန် (တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မျိုးဇော်ထိုက်ပါ သုံးဦးအား မကွေးနယ်မြေရဲစခန်း(ပ)၈၀/၂၀၁၆၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့်လွှတ်တော်ကိုယ်စားလှယ်များ မကွေးမြို့ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းသားများနှင့် တွေ့ဆုံ

**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်တို့မှ မကွေးမြို့နယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များနှင့် မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းသားများ တွေ့ဆုံမိတ်ဆက်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက သုခိတာလမ်းနှင့် ပြည်တော်သာလမ်းထောင့်ရှိ မကွေးကုန်စည်ဒိုင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာ ကမ္ဘာပေါ်တွင် ကွက်ကျော်မြင်တတ်ပြီး ထိုးထွင်းဉာဏ်အရှိဆုံး နံပါတ်(၁) ပုဂ္ဂိုလ်များမှာ ကုန်သည်ကြီးများဖြစ်သည့်အတွက် မိမိအနေဖြင့် ဩဝါဒလမ်းညွှန်ချက်ပေးရန်မရှိကြောင်း၊ မိမိတို့လုပ်ငန်းများကို အောင်မြင်အောင်ကြိုးစားကြပြီး နိုင်ငံအတွက် သတ်မှတ်ထားသောအခွန်များကို ပေးဆောင်စေလိုကြောင်း၊ လုပ်ငန်းများလည်း အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းတို့က မိတ်ဆက်စကားနှင့် ၎င်းတို့၏ သဘောထားအမြင်များကို ပြောကြားခဲ့သည်။ ဆက်လက်၍ မကွေးမြို့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား အသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရပ်နားခဲ့သည်။

အစီအစဉ်ဒုတိယပိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဌေးနှင့် ဒေါ်ခင်ချိုလတ်တို့က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းခဲ့ပြီး မကွေးမြို့ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ အသင်းသားများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အကျိုးဖြစ်ထွန်းမည့် အကြံဉာဏ်များ တင်ပြခဲ့ကြကြောင်း၊ အဆိုပါတွေ့ဆုံပွဲသို့ ဖိတ်ကြားထားသူများ၊ ဒေသတွင်းမီဒီယာများ အင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## နွားထိုးကြီးတွင် သင်္ကြန်အပြီး ကုန်စျေးနှုန်းများမြင့်တက်နေ

**နွားထိုးကြီး မေ ၂၄**

နွားထိုးကြီးတွင် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်တွင်းကာလများတွင် ဆန်၊ ဆီ၊ ဆားအပါအဝင် ကုန်မျိုးစုံနှင့် သားငါးများမှာ ရှားပါး၍ စျေးနှုန်းမြင့်တက်ခဲ့ပြီး သင်္ကြန်ပြီးကာလတွင်လည်း စျေးနှုန်းများ ဆက်လက်မြင့်တက်နေကြောင်း ဒေသခံများကပြောသည်။

"လက်ဘက်ရည်၊ ကော်ဖီတစ်ခွက်လျှင် ယခင်က ကျပ် ၂၀၀ သာပေးရပြီး ယခုအခါ ကျပ် ၃၀၀ သို့ မြင့်တက်နေပြီး ကပ်ချီနို၊ မိုခါး ကော်ဖီကောင်းများမှာ တစ်ခွက်လျှင် ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ထိ စျေးနှုန်းရှိနေပါတယ်။ တစ်ခါစားထမင်းတစ်ပွဲကို အရင်က ကျပ်၂၀၀ မှ ကျပ် ၃၀၀ ပေးရသော်လည်းယခု ကျပ် ၅၀၀ ပေးရပြီးအသားတစ်တုံးပါ ထမင်းတစ်ပွဲမှာ ကျပ် ၇၀၀မှ ကျပ် ၁၀၀၀ ထိ စျေးတက်လျက်ရှိပါတယ်" ဟုဒေသခံတစ်ဦးက ပြောသည်။

သားငါးစျေးနှုန်းကြောင့် ယခုကဲ့သို့ စျေးတက်ခြင်းဖြစ်ကြောင်းဆိုင်ရှင်များက ပြောသည်။

ကြက်ဥ၊ ဘဲဥစျေးနှုန်းမှာ ကျပ် ၁၀၀၊ ၁၅၀ မှ ၂၀၀ ထိလည်းကောင်း၊ ငါး တစ်ပိဿာ ကျပ် ၈၀၀၀၊ ကြက်သား တစ်ပိဿာ ကျပ် ၉၀၀၀၊ ဝက်သား ကျပ် ၁၀၀၀၀၊ အမဲသား ကျပ် ၁၂၀၀၀ သို့ စျေးနှုန်း မြင့်တက်သွားသည်။

အလားတူ ခရမ်းချဉ်သီး၊ အာလူး စျေးနှုန်းများမှာလည်း ကျပ် ၁၀၀၀ နှုန်းအထိ စျေးတက်ပြီး ရာသီပေါ်သီးနှံ၊ အရွက်၊ အသီးများလည်း စျေးကောင်းကာ လက်ပံရောင်းနေကြရာမှ ချိန်ခွင်ဖြင့် ချိန်တွယ်ရောင်းလာရာ မန်ကျည်းရွက် တစ်ပိဿာ ကျပ် ၅၀၀၀၊ ဆူးပုတ်ရွက် ကျပ် ၅၀၀၀ စသဖြင့် စျေးနှုန်းများ ကြီးမြင့်လာကြောင်း သိရသည်။

**ဌေးမြင့်မောင်**

## ရေစကြိုတွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု

**ရေစကြို မေ ၂၄**

ရေစကြိုမြို့နယ်တွင် မေ ၂၂ ရက်ည ၇ နာရီ ၅၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းအချို့ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သမန္တပိုကျေးရွာနေ ဒေါ်ချိုချိုသင်း(အထက်တန်းသူနာပြု) ၃၂ နှစ်သည် နေအိမ်အပြင်ဘက်သို့ထွက်စဉ် သရက်ကိုင်းကျိုးကျ၍ နံရိုးကျိုးသည်ဟု ယူဆရ (မစိုးရိမ်ရ)သဖြင့် ရေစကြိုမြို့ ဆေးရုံမှ မန္တလေးဆေးရုံသို့ လွှဲပြောင်းပေးပို့ ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်း ကျေးရွာအုပ်စု (၁၁)အုပ်စုရှိ ကျေးရွာပေါင်း ၂၁ ရွာတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ နန်းဦးကျေးရွာ အ-ထ-က(ခွဲ)ကျောင်းတို့ခေါင်မိုးများ လန်ကာ အိမ်ခြေ ၃၀၃ လုံးခေါင်မိုးလန်ပြီး အိမ် ၂၀ မှာ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**





## ငုံးမွေးမြူရေးအထူးဇုန်(မုံရွာ)တွင် ပုံမှန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**မုံရွာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ငုံးမွေးမြူရေးအထူးဇုန်(မုံရွာ)တွင် လတ်တလောကာလတွင် မွေးမြူရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ငုံးမွေးမြူရေးအထူးဇုန် ကော်မတီများထံမှ သိရသည်။

"ငုံးမွေးမြူရေးအထူးဇုန်မှာ ဇီဝလုံခြုံရေးအနေနဲ့ ခြံပတ်လည်ကို သန့်ရှင်းရေးလုပ်တယ်။ ခြံအတွင်းကို ငှက်တွေမဝင်နိုင်အောင်လို့ ကာရံတယ်။ ခြံဖျန်းဆေးတွေဖြန်းတယ်။ ငုံးကောင်တွေရဲ့ ထူးခြားမှု အခြေအနေတွေကို မျက်ခြေမပြတ်ကြည့်နေရတယ်။ ဇုန်အတွင်းက ငုံးဥ၊ ငုံးအကောင်တွေ၊ တခြားပစ္စည်းတွေ အသွင်း၊ အထုတ်လုပ်ဖို့အတွက်ကို ဇုန်အတွင်းမှာကားနှစ်စီး စီစဉ်ပေးထားပြီး ဇုန်အပြင်ဘက်က ကိုက်နှစ်ထောင်အကွာလောက်ရှိတဲ့ သားပြေးကျောက်မိုင်းလမ်းဆုံအထိသွားပြီး လုပ်ကြရတယ်။ ပြင်ပလူတွေကိုတော့ ဇုန်အတွင်းကို လုံးဝအဝင်မခံပါဘူး။ ဇုန်အတွင်းက လူတွေဆိုရင်လည်း ဂိတ်ဝမှာ ပါလာတဲ့ ဆိုင်ကယ်၊ မော်တော်ယာဉ်တွေကို ပိုးသတ်ဆေးဖျန်းပြီးမှ အထဲကိုဝင်ခိုင်းပါတယ်။ သတင်းတွေထဲမှာ မုံရွာ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်မှာ ကြက်ငှက်တုတ်ကွေးရောဂါဖြစ်တယ်လို့ ထုတ်ပြန်ထားတာတွေ့ရတော့ ကျွန်တော်တို့ ငုံးမွေးမြူရေးအထူးဇုန်မှာ ရောဂါဖြစ်ပွားမှုမရှိပါဘူး။ ပုံမှန်အတိုင်းပါပဲ" ဟု ငုံးမွေးမြူရေးအထူးဇုန်တွဲဘက်အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

ငုံးမွေးမြူရေးအထူးဇုန်အား မုံရွာ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီးမှ ခွဲထွက်ကာ ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်မှ စတင်ပြီး ယခုလက်ရှိနေရာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ် လမ်းညွှန်မှုဖြင့် ဖော်ထုတ်ခဲ့ပြီး မုံရွာမြို့နယ် မရိုးတောကျေးရွာအုပ်စု မရိုးတောကျေးရွာ သားပြေးကျောက်မိုင်းလမ်း မြောက်ဘက်ရှိ အကျယ်အဝန်း ၅၈ ဒသမ ၇၇ အကျယ်အဝန်းတွင် အလျား ပေ ၁၅၀၊ အနံ ပေ ၁၀၀ ရှိ မြေကွက် ၇၁ ကွက်၊ အကွက်ပျက် (အသေး၊ အကြီး) ၂၁ ကွက် စုစုပေါင်း ၉၂ ကွက် ဖော်ထုတ်ပေးခဲ့ရာ ခြံအသစ်များ ဆက်လက်ဆောက်လုပ်လျက်ရှိကြောင်းနှင့် ယခုလက်ရှိတွင် ငုံးခြံ ၂၄ ခြံတွင် ငုံးကောင်ရေ နှစ်သိန်းကျော်မွေးမြူကာ ငုံးဥများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မြစ်ငယ်ဒေသတွင် ဘောလုံးအားကစားကို စနစ်တကျလေ့ကျင့်သင်ကြားသောကြောင့် မိဘများကိုယ်တိုင် သားသမီးများကို လာရောက်အပ်နှံမှုများလာ

**မန္တလေး မေ ၂၄**

လက်ရှိကာလ မြစ်ငယ်ဒေသတွင် ဘောလုံးအားကစားကို စနစ်တကျ သင်ယူနိုင်ရန် မိဘများကိုယ်တိုင် မိမိတို့သားသမီးများကို လာရောက်အပ်နှံမှု များပြားလျက်ရှိကြောင်း သိရသည်။

မြစ်ငယ်ဒေသမှ ပြည်တွင်းကလပ်သင်းအသီးသီးတွင် ကစားသူ များစွာလည်းပေါ်ထွက်လျက်ရှိသည်။ ညနေတိုင်းတွင် မြစ်ငယ် မီးရထားဘောလုံးကွင်းတွင် ဘောလုံးအားကစား လေ့ကျင့်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်းနှင့် အခါအားလျော်စွာ မန္တလေးမြို့ရှိ ဘောလုံးအားကစား သင်တန်းများကိုပါ အတွေ့အကြုံရရှိစေရန် သွားရောက်ကစားစေသည်များလည်းရှိကြောင်း သိရသည်။

လက်ရှိကာလတွင် မြစ်ငယ်မီးရထားဘောလုံးကွင်းတွင် အရွယ်စုံကိုဘောလုံးအားကစားနည်းများ စနစ်တကျ လေ့ကျင့်လျက်ရှိသည်။ အငယ်တန်းလေးပေကိုး အသင်းဖြစ်သည့်နန္ဒဝန်အသင်းမှာလည်းအားကစားသမားကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။ ပြည်တွင်းကလပ် အသင်းအသီးသီးတွင် ပါဝင်ကစားသူများ၊ နိုင်ငံလက်ရွေးစင်အသင်းများတွင်ရွေးခြယ်ခံထားသူများနှင့် ဘောလုံးအားကစားသမားများကို မွေးထုတ်ပေးလျက်ရှိသည်။

အချိန်ရသည့် အခါများတွင် မန္တလေးမြို့တွင် ဖွင့်လှစ်သည့် နွေရာသီ ဘောလုံးအားကစား သင်တန်းများ၌သွားရောက်သင်ကြားရေးကို မိဘများကိုယ်တိုင် အားပေးလျက်ရှိသည်။ မြစ်ငယ်မြို့ရှိ ဘောလုံးအားကစားသင်တန်းကို စနစ်တကျ နေ့စဉ်လေ့ကျင့်နေသော နန္ဒဝန်အသင်းတည်ထောင်သူ ဦးမြင့်အောင်(ခ) ဦးတင်ဌေမှာ အခမဲ့ လေ့ကျင့်သင်ကြားပေးကာ ဘောလုံး အားကစားသမားကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။

မြစ်ငယ်ဒေသတွင် မြစ်ငယ်မီးရထားတွဲ ပြင်စက်ရုံကိုအခြေပြုကာ ခေတ်အဆက်ဆက်တွင်ဘောလုံးအားကစားထူးချွန်သူများပေါ်ထွက်ခဲ့သည်။ ဘောလုံးအသင်းမှာလည်း နာမည်ကြီးအသင်းတစ်သင်းအဖြစ်ရပ်တည်ခဲ့သည်။ယခင်ခေတ်က မြစ်ငယ် မီးရထားဘောလုံးအသင်းမှာ ဗထူးကွင်းတွင် နာမည်ကြီးခဲ့သည်။ ထိုကာလက မြစ်ငယ်မီးရထားဘောလုံးအသင်းကို အခြေပြုကာ နိုင်ငံကျော်ဘောလုံးသမား တစ်ဦးပေါ်ထွက်ခဲ့သည်။ ထိုသူမှာ ဦးအေးမောင်ကြီးပင်ဖြစ်သည်။

နန္ဒဝန်အသင်းကို ၁၉၉၅ ခုနှစ်ကတည်းက တည်ထောင်လေ့ကျင့်ပေးလာခဲ့သည်မှာ ၂၀၁၆ တွင် ၂၁ နှစ်ပင်ပြည့်ခဲ့ပြီဖြစ်သည်။ ဖြတ်သန်းလာသည့်နှစ်အတွင်း ပထမဆုရရှိသည့်အကြိမ် အများဆုံးအဖြစ် ရပ်တည်ခဲ့သည်။ လေးပေကိုးကျော်သူများကို ပြည်တွင်းကလပ်အသင်းများတွင် ကစားစေခြင်း၊ ဘောလုံးသင်တန်းကျောင်းများတွင် အပ်နှံပေးခြင်းများ ပြုလုပ်ကာ နိုင်ငံတော်အတွက် ဘောလုံးအားကစားသမားများကို မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဘောလုံးအားကစား ဖွံ့ဖြိုးရေးအတွက် အခွင့်အခါကောင်းကြုံတွေ့ခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်မှစကာ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲများ စတင်ကျင်းပခဲ့သည့်အတွက် ဘောလုံးအားကစားကို အားပေးမှုများလာခဲ့သည်။



**တိမ်တမန်**

# ကော့သောင်းမြို့တွင် မိုးခေါ် ငါးရံ့မင်းပရိတ်တော်ရွတ်ဖတ်ပွဲနှင့် လွန်ဆွဲပွဲကျင်းပ



**ကော့သောင်း မေ ၂၄**
အယ်နီညိုရာသီဥတုဒဏ်ကြောင့် နိုင်ငံအဝန်း ရေတွင်း ရေကန်နှင့် မြစ်ချောင်းအင်းအိုင်များ ခန်းခြောက်ကာ ရေပြတ်လပ်၍ မြို့ရွာပြည်သူများ သောက်သုံးရေအခက်တွေ့နေကြသည်ဖြစ်ရာ ဗုဒ္ဓဘာသာ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်အဖြစ် မိုးခေါ် ငါးရံ့မင်း ပရိတ်တော်၊မေတ္တာသုတ်ရွတ်ဖတ်ခြင်းနှင့် လွန်ဆွဲပွဲအား ကော့သောင်းမြို့ ပြည်တော်အေးစေတီ ရင်ပြင်တော်ပေါ်တွင် မေ ၂၂ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပရိတ်ရွက်ပွဲတွင် မိုးရွာသွန်းစေရန်အတွက် ဆရာတော်၊ သံဃာတော်ကြီးများပင့်ဖိတ်ကာ မေတ္တာသုတ်နှင့် ငါးရံ့မင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ပြည်တော်အေးစေတီ သာသနာ့ဗိမာန်တော်ရှေ့ ကွင်းပြင်တွင် မြို့ခံလူငယ်လူရွယ်များက မိုးရွာသွန်းစေရန်ရည်ရွယ်၍ အပြိုင်အဆိုင် လွန်ဆွဲပွဲကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ဖက်အစွန်ဆုံးတွင် ရှိသည့် ကော့သောင်းမြို့သည် ယခုနှစ်တွင် ယခင်နှစ်များထက်မိုးရွာသွန်းမှုနောက်ကျ၍ မြို့သူမြို့သားများ သောက်သုံးရေရှားပါးလာနေသဖြင့် ဆရာတော်ကြီးများ၏ အစီအမံဖြင့် ပြုလုပ်ခြင်းဖြစ်သည်။**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# ရိုးမတောင်ပေါ် ကျေးရွာများ၌ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်

**ရေတာရှည် မေ ၂၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အနောက်ဘက်ခြမ်း ရိုးမတောင်ပေါ်ကျေးရွာများ၌ နေ့အပူချိန်မြင့်တက်ခြင်းကြောင့် သောက်သုံးရေရှားပါးပြတ်လတ်မှုနှင့် ကြုံတွေ့နေကြကာ ဆံတော်ပို့ကျေးရွာအုပ်စု ဇဝင်းကျေးရွာအနီးရှိ လုံးရမ်းချောင်းမှာ ရေခန်းခြောက်၍ သဲသောင်ပြင်အတိသာရှိတော့ကြောင်း သိရသည်။

သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၂၄ မှ တောင်ဘက်သို့ နှစ်မိုင်ခန့်ဆက်သွားရသည့် အဆိုပါကျေးရွာသည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်အပြင် ကျေးရွာအတွင်း၌ ယင်လုံအိမ်သာ မရှိသလောက်နည်းပါးလွန်းခြင်းသည် ကျန်းမာရေးအတွက် ဆိုးကျိုးသက်ရောက်နိုင်ပြီး ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းပညာပေးခြင်းနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများဆောင်ရွက်သင့်ကြောင်း ယင်းဒေသသို့လာရောက်လေ့လာသူများက သုံးသပ်ပြောသည်။

"မိုးရာသီဆို လုံးရမ်းချောင်းက ရေစီးအလွန်သန်တော့ ရေအကျကိုစောင့်ရတယ်။ ကျန်းမာရေးမကောင်းလို့ မြို့ဆေးရုံကိုပို့ရမယ်ဆိုရင် ကားလမ်းရောက်အောင် ပုခက်နဲ့ထမ်းကြရတယ်။ ခုလည်းရေရှားပါးလို့ ဘယ်ကများမှ လာကူညီလို့မရဘူး"ဟု အဆိုပါကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ဒေသခံကျေးရွာသားများအနေဖြင့် ရာသီမရွေးသွားလာနိုင်သောကျေးလက်လမ်းများဖောက်လုပ်ရန် ဆန္ဒရှိကြသော်လည်း ငွေကြေး မတတ်နိုင်သည့်အတွက် အခက်အခဲများစွာဖြစ်ပေါ်နေရကြောင်းဒေသခံများကပြောသည်။ **ကိုလွင်(ဆွာ)**

# အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့် အရေးဆိုင်ရာကော်မတီနှင့် တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

**တောင်ငူ မေ ၂၄**
အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက တောင်ငူမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမြသောင်းနှင့် အဖွဲ့ဝင် ဒေါက်တာဒေါ်တင်တင်ဝင်းတို့သည် တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များနှင့်တွေ့ဆုံပြီး ကော်မတီ၏ လုပ်ငန်းများနှင့် ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများ၏ တင်ပြဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **(၁၂၉)**



# အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသည့်စာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် မေ ၂၄**
နေပြည်တော်ပျဉ်းမနားမြို့ သကြားစက်ကျေးရွာအုပ်စုရှိ ပျဉ်းမနားသကြားစက်ရုံတွင် စည်းလုံးညီညွတ်သော အလုပ်သမားအဖွဲ့အစည်းက ၂၀၁၆ ခုနှစ် မေ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာပေဟောပြောပွဲတွင် စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာဦးဘုန်း(ဓာတု)၊ ဆရာမယဉ်မင်းဦး(ဆေးတက္ကသိုလ်) တို့က မေ ၃၀ ရက် ညနေ ၆ နာရီမှ စတင်ကာ အလုပ်သမားနေ့ကိုဂုဏ်ပြုသည့် သိမှတ်စရာနှင့် စာပေရေးရာများကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ပျဉ်းမနားမြို့တွင် မေ ၁ ရက်၌ ပြုလုပ်မည့် အလုပ်သမားနေ့အခမ်းအနားကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှ အလုပ်သမားထုကို ကိုယ်စားပြုကျင်းပခဲ့ခြင်းဖြစ်သည်။

ယမန်နှစ်က မန္တလေးမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားအပြီးတွင် ကျင်းပရေးအလံအား နေပြည်တော်သို့ သယ်ဆောင်ခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း စာပေဟောပြောပွဲကျင်းပရေးတာဝန်ခံ ပျဉ်းမနားသကြားစက်ရုံဝန်ထမ်း ဦးမြင့်ဆွေဝင်းက ပြောသည်။

**ဇော်မင်းထွန်း(နေပြည်တော်ပြန်/ဆက်)**

# ကျွန်းလှတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာပတ်လမ်း သန့်ရှင်းရေးဆောင်ရွက်

**ကျွန်းလှ မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာအုပ်စုတွင် ကျေးရွာပတ်လမ်းအား လမ်းညှိခြင်း၊ ချုံနွယ်များနှင့် အမှိုက်များရှင်းခြင်းလုပ်ငန်းများကို မေ ၂၂ ရက် ညနေက ကိုယ်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ ကျေးရွာပတ်လမ်းဖြစ်ပြီး အသုံးမပြုသည်မှာ ကြာပြီဖြစ်ကြောင်း၊ မြို့အဝင်ရထားသံလမ်းအနောက်ဘက် သစ်ရာမြိုင်ရပ်ကွက်ဈေးအနီးနှင့် သဖန်းဆိပ်ဆည်သွား သံလမ်းကျော်အနီးတွင်ရှိကြောင်း၊ ယခုကဲ့သို့လမ်းပြင်ပြီး ချုံနွယ်များနှင့် အမှိုက်များရှင်းပေးလိုက်ခြင်းဖြင့် ပြည်သူများ သွားလာရေးလွယ်ကူခြင်း၊ ရထားသံလမ်းကူးရာတွင် အန္တရာယ်ကင်းစွာကူးနိုင်ပြီး အနံ့အသက်ဆိုးများလည်း ကင်းဝေးသွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# ရှစ်မျက်နှာစေတီတော် အထက်ဌာပနာတော်သွင်းခြင်းနှင့် ထီးတော်တင်လှူပွဲ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ကနီ မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်ရဲတောင်ကျေးရွာအုပ်စု နတ်ကောင်းစဉ်ကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသော ရှစ်မျက်နှာစေတီတော်၊ ရွှေကိုယ်ကြီးစေတီတော်နှင့် ရွှေကိုယ်လေးစေတီတော်တို့အား အထက်ဌာပနာတော်သွင်းလှူခြင်းနှင့် ထီးတော်တင်လှူဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၂၂ ရက် နံနက်က အဆိုပါစေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းစေတီတော်များ ပြန်လည်ပြုပြင်ရန်အတွက် ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ လှူဒါန်းထောက်ပံ့မှုနှင့် နတ်ကောင်းစဉ်ကျေးရွာ ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ပြုပြင်မွမ်းမံ၍ စေတီများပြုပြင်ရန်နှင့် ထီးတော်များကို မုံရွာမြို့ ဦးခင်မောင်ညွန့်ဇနီး ဒေါ်ထားမြင့်မိသားစု၊ ဗိုလ်ချုပ်ဉာဏ်ထွန်း(ငြိမ်း) နှင့် ဇနီးဒေါ်စိုးစိုးဟန်မိသားစုနှင့် ဦးစောမောင် ဇနီးဒေါ်အုန်းကြည်မိသားစုတို့မှ ထီးတော်များလှူဒါန်းမှုဖြင့် ယခုလို စေတီတော်တို့အား အထက်ဌာပနာတော်သွင်းလှူခြင်းနှင့် ထီးတော်တင်လှူ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဘုရားဂေါပကတစ်ဦးထံမှ သိရသည်။

ယခုထီးတော်တင်လှူပူဇော်သော ရှစ်မျက်နှာစေတီတော်၊ ရွှေကိုယ်ကြီးစေတီတော်နှင့် ရွှေကိုယ်လေးစေတီတော်တို့မှာ ကနီမြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီ ၄ မိနစ်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အင်အားရှိသော ငလျင်လှုပ်ခတ်ခဲ့သောကြောင့် စေတီလုံးတော် ငှက်ပျောဖူးတော်မှ အက်ကွဲပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## ပဲခူးမြို့မှ မော်တော်ယာဉ်လိုင်းများ ဘုရားပွဲ အကြောင်းပြ၍ သတ်မှတ်ဈေးနှုန်းထက် ပိုမိုတောင်းယူမှုများရှိနေ

**ပဲခူး မေ ၂၄**

ပဲခူးမြို့အတွင်းပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများသည် ပဲခူးမြို့သမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို အကြောင်းပြုကာ ဘုရားပွဲတော်လာပရိသတ်များထံမှ ယာဉ်စီးခနှုန်းများကို သတ်မှတ်ဈေးထက် သုံးဆမက တောင်းယူမှုများရှိနေကြောင်း ဘုရားဖူးလာသူ ဒေသခံများက ပြောသည်။

"ကောလိပ်ကနေ ဘုရားပွဲလာတာ ငွေငါးရာပေးရတယ်။ အမှန်က ပဲခူးမြို့ထဲ ဘယ်စီးစီး နေ့ခင်းဆို တစ်ရာ့ငါးဆယ်ပဲပေးရတာ။ ဘုရားပွဲကိုအကြောင်းပြပြီး ငွေပိုတောင်းနေတယ်။ ဘယ်လိုင်းကားဖြစ်ဖြစ် ဒီဈေးပေးနေရတယ်" ဟု ကောလိပ်မှစီးသော ခရီးသည်တစ်ဦးက ပြောသည်။

"မနှစ်ကဘုရားပွဲမှာ ညဘက်ဘယ်စီးစီး နှစ်ရာကျပ်ပဲပေးရတယ်။ အခုက ငါးရာတောင်းတာ လွန်တယ်" ဟု မဟာစေတီဘက်မှ ဘုရားပွဲလာသူတစ်ဦးက ပြောသည်။

ပဲခူးမြို့သမိုင်းဝင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ယခုနှစ်ဆို (၂၅၉၈)ကြိမ်မြောက်ရှိပြီဖြစ်သည်။ ဘုရားပွဲတော်ကျင်းပရာ တန်ခူးလပြည့်နေ့သည် အစည်ကားဆုံးနေ့ဖြစ်သည်။ ပဲခူးမြို့အနီး သနပ်ပင်၊ ဝေါ၊ ကဝ၊ ဘုရားကြီးမြို့နှင့် ကျေးရွာများမှ ဘုရားပွဲတော်သို့လာရာလမ်းတစ်လျှောက် ကား၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်၊ လူးကားငယ်များနှင့် စည်ကားကြောင်း သိရသည်။ (၄၂၈)

## ပျဉ်းမနားမြို့မဈေးဝန်းကျင် လမ်းများ၌ လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွား



**နေပြည်တော် မေ ၂၄**

ဈေးရောင်းဈေးဝယ် ခရီးသွားများဖြင့် နေ့စဉ်စည်ကားလျက်ရှိသော ပျဉ်းမနားမြို့မဈေးတစ်ဝိုက်ရှိ လမ်းများတွင် ဈေးဆိုင်များက အဖီရှေ့ထုတ်ခြင်း၊ ပလက်ဖောင်းပေါ်ထိ ခင်းကျင်းရောင်းချခြင်း၊ အငှားယာဉ်များ စည်းကမ်းမဲ့စွာ ရပ်နားခြင်းများကြောင့် လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေကြောင်း ပျဉ်းမနားမြို့ခံများက ပြောသည်။

ပျဉ်းမနားမြို့တွင်းလမ်းများသည် အမှန်တကယ်မကျဉ်းသော်လည်း ဆိုင်များက ပစ္စည်းများကို ရှေ့ထုတ်ရောင်းချနေ၍ လမ်းများကကျဉ်းသကဲ့သို့ ဖြစ်နေကြောင်း၊ အချို့ဆိုင်များသည် လမ်းဘေးရေမြောင်းအဖုံးပေါ်ထိ ခင်းကျင်းရောင်းချမှုများကြောင့် ခြေကျင်လျှောက်သူများက လမ်းမပေါ်ဆင်း၍ သွားလာနေရကြောင်း၊ ယင်းအပြင် အများသူငါ သွားလာနေသည့် လမ်းပေါ်တွင် "ဆိုင်ရှေ့ယာဉ်ပိတ်မရပ်ရ" ဆိုင်းဘုတ်များ၊ ကြော်ငြာဆိုင်းဘုတ်များ ချထားမှုက ပိုမိုပြီးဆိုးရွားစေကြောင်း၊ လမ်းများပေါ်တွင် ဆိုက်ကားများက ကပ်ရပ်ပြီး ယာဉ်ငယ်များကလည်း ထပ်ပြီးရပ်၍ လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း ဈေးဝယ်များကပြောသည်။

ဈေးပတ်ဝန်းကျင်လမ်းများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ ဗိုလ်တောက်ထိန်လမ်းများကို တစ်လမ်းသွားစနစ်သတ်မှတ်ထားသော်လည်း မော်တော်ဆိုင်ကယ်များ၊ ဆိုက်ကားများနှင့် စက်ဘီးများက လိုက်နာမှုမရှိပဲ နံနက်အစောနှင့် ညနေပိုင်းအချိန်များတွင် လမ်းပြောင်းပြန်မောင်းနှင်မှုများကြောင့် လမ်းပိတ်ဆို့မှုနှင့် ကျပ်တည်းမှုများ ပိုမိုဖြစ်ပွားနေလျက်ရှိသဖြင့် ယာဉ်မတော်တဆမှုများနှင့် အများပြည်သူများ သွားလာမှုခက်ခဲလျက်ရှိကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။ **ရွှေကုက္ကို**

## ဆံကေသဓာတုဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော တွံတေးမြို့ ရွှေဆံတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**တွံတေး မေ ၂၄**

ရှေးဟောင်းသမိုင်းဝင် ဆံကေသဓာတုဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော တွံတေးမြို့ ရွှေဆံတော်မြတ်ကြီး၏ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၂၀ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

တန်ခူးလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူလူထုများအား သီးစုံငါးခြောက်ချဉ်ရည်ဟင်း၊ ငါးပိချက်၊ တို့စရာများ၊ အအေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ရာ ဆန် ၇၅ တင်း ချက်ခဲ့ရကြောင်း ရွှေဆံတော်ဂေါပကဥက္ကဋ္ဌ ဦးလှခိုင်ထံမှ သိရသည်။

ယခုနှစ်ဘုရားပွဲကို ယခင်နှစ်များနှင့်မတူဘဲ မေ ၂၀ ရက်မှ မေ ၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

မေ ၂၀ ရက်မှ ၂၂ ရက်ထိ ဗိုလ်ညီကို၊ မေ ၂၅ ရက်မှ ၂၇ ရက်ထိ မင်းမြတ်စွမ်း၊ မေ ၂၉ ရက်မှ မေ ၂ ရက်ထိ ဟန်ဇာမိုးဝင်းဇာတ်များဖြင့် ကပြဖျော်ဖြေပေးသွားမည့်အပြင် ကလေးကစားကွင်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

## ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**မလှိုင် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦး ဦးဆောင်ပါဝင်ပြီး သက်ဆိုင်ရာဌာနများနှင့်အတူ မလှိုင်မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံရုံးဝန်းအတွင်း၌ မေ ၂၃ ရက် နံနက် ၈ နာရီတွင် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"သက်ဆိုင်ရာဌာနများနှင့်အတူ ယခုလမှာ မလှိုင်မြို့နယ်ရှိ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့တာပါ။ ဒီနေ့ သက်တမ်းတိုးဆောင်ရွက်ပေးခဲ့တာဆိုရင် ဆိုင်ကယ်ယာဉ် ၂၈ စီး၊ ကားခြောက်စီး၊ ယာဉ်မောင်းလိုင်စင်နှစ်စောင်ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလို ကျွန်တော်တို့လာရောက်လုပ်ကိုင်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် အဆင်ပြေမယ်လို့ထင်ပါတယ်။ နောက်လတွေဆိုရင် မိတ္ထီလာခရိုင်အတွင်းပါတဲ့ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်တွေကို အခုလို ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ" ဟု ခရိုင်(က. ည. န) ရုံးမှ ဒုဦးစီးမှူး ဦးစန်းဌေးက ပြောသည်။

"အခုလို ကျွန်တော်တို့ဒေသအထိကို ကွင်းဆင်းပြီး ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်တွေကို လာရောက်လုပ်ကိုင်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဘာလို့လည်းဆိုရင် ဒီလိုလိုင်စင်သက်တမ်းတိုးဖို့ မလှိုင်မြို့နယ်မှ မိတ္ထီလာမြို့အထိ သွားရောက်လုပ်ကြရတဲ့အခါ စရိတ်တွေကုန်သလိုလူပါပင်ပန်းပါတယ်။ ခုလိုနေ့ချင်းပြီး လာရောက်လုပ်ကိုင်ပေးတာ ကျေးဇူးတင်ပါတယ်"ဟုလိုင်စင်သက်တမ်းတိုး လာရောက်သူ ပြည်သူတစ်ဦးကပြောသည်။ **ကျော်ကျော်(မလှိုင်)**

## ဆင်ပေါင်ဝဲမြို့၌ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ပူဇော်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ဆင်ပေါင်ဝဲ မေ ၂၄**

ဆင်ပေါင်ဝဲမြို့ အမှတ် (၁ )ရပ်ကွက် ကမ္ဘာအေးကျောင်းတိုက်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိမလသည် ၂၀၁၆ ခုနှစ် မေ ၄ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်သော မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည့်အတွက် တပည့်ဒါယိကာ၊ ဒါယိကာမများမှ ပူဇော်ပွဲကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက်က ကမ္ဘာအေးကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အမှတ် (၁/၂/၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးပွဲတွင် ဆရာတော် ပူဇော်ပွဲကို မေ ၂၉ ရက်တွင် ကမ္ဘာအေးကျောင်းတိုက်ဝိဟာရ၌ ကျင်းပမည်ဖြစ်ပြီး ရပ်နီးရပ်ဝေးမှ ဆရာတော်၊ ဒါယိကာ၊ ဒါယိကာမများအနေဖြင့် ဆရာတော်ပူဇော်ပွဲ တက်ရောက်နိုင်ရေးနှင့် အလှူငွေထည့်ဝင် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရေး စသည်တို့ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

## သောက်သုံးရေလိုအပ်နေသော ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေး




**ရန်ကုန် မေ ၂၄**

မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး၏ကြီးကြပ်မှုဖြင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးဝင်းအောင်နီ ဦးစီးတပ်ဖွဲ့ဝင် (၄+၁၀) ဦးနှင့် အဖွဲ့သည် မီးတန်းယာဉ်ဖြင့် ယာဉ်မောင်းရဲတပ်ကြပ်ကြီး စိုးစိုး မောင်းနှင်လျက် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနောင် ခနိတော ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၈၀ ခန့်အား သောက်ရေသန့်ဘူးကြီး ၁၀၀ တို့ကို လှူဒါန်းခဲ့ပြီး သုံးစွဲရန်အတွက် ရေဂါလန် ၅၀၀ တို့ကိုသွား ရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**မုံရွာ မေ ၂၄**

စစ်ကိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဦးဆောင်သောအဖွဲ့ဝင် ၁၅၀ ဦးပါဝင်သည့် သစ္စာ၊ မေတ္တာဘုရားဖူးလေ့လာရေးအဖွဲ့သည် အလောင်းတော်ကဿပဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်အဖြစ် မုံရွာမြို့ မြို့လယ်ရှိ ရွှေစည်းခုံစေတီတော်ဓမ္မာရုံကြီး၌ မေ ၂၀ ရက် ည ၇ နာရီတွင် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲပြုလုပ်ခဲ့ကြသည်။

အဆိုပါလှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း အလုပ်အမှုဆောင် ဦးသက်တင် (မောင်သာတင့်) နှင့် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) တို့က စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် စုစုပေါင်းတန်ဖိုးငွေကျပ် ငါးသိန်းဖိုးခန့်ကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်ကလက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (ဗြ၈၄)

# အထူးကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကြေးကုန်းကျောက်တန်းရွာတွင် သောက်သုံးရေ ခက်ခဲမှုကြောင့် ရွာသူရွာသားများကြုံတွေ့ရသည့် သောက်သုံးရေရှားပါးခြင်းဒုက္ခကို ကြီးမားသည့် မေတ္တာ စေတနာတို့ဖြင့် စက်ရေတွင်းနှင့်ရေလှောင်ကန်တို့ကို တူးဖော်တည်ဆောက်လှူဒါန်းပေးပါသော **"ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ တာဝန်ရှိသူ အားလုံးတို့အား ရွာဦးကျောင်းဆရာတော် နှင့်တကွ ကျေးရွာသူကျေးရွာသားအားလုံးတို့က အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြ အပ်ပါသည်။

ရွာဦးကျောင်းဆရာတော် ဦးသာဂရနှင့် ကျေးရွာသူ၊ ကျေးရွာသားများ
ကြေးကုန်းကျောက်တန်းရွာ၊ ကလောမြို့နယ်

# ကမ္ဘောဇဘဏ်မိသားစုသို့ နှစ်ဦးဆုမွန်နှင့် အထူးကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၂၁၉)ပေတွင် တည်ရှိသော တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သောက်သုံးရေအခက်အခဲကို အစဉ်ကြုံတွေ့ရပါသည်။

ထိုအခက်အခဲများကို ပြေလည်စေရန်အတွက် မေတ္တာ၊ စေတနာအပြည့်ဖြင့် **"ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ အောက်ပါအတိုင်း လှူဒါန်းဆောင်ရွက်ပေးခဲ့ပါသည်။

(က) မင်္ဂလာကန်အား ကန်ဆယ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ နုန်းစစ်ကန်များဆောက်လုပ်ခြင်းနှင့် ရေရှည်တည်တံ့စေရန် ကန်ပေါင်အား ကျောက်စီပေးခြင်း၊

(ခ) အောင်ပန်းမြို့ မဟာစည်သာသနာ့ရိပ်သာတွင် စက်ရေတွင်းတူးဖော်ပေးခြင်း၊

(ဂ) အောင်ပန်းမြို့၊ မင်္ဂလာကန်ရှေ့ ပြည်သူ့ဆေးရုံအနီးတွင်လည်းကောင်း၊ အောင်ပန်းပင်မှီ ဂေါက်ကလပ်အတွင်းတွင်လည်းကောင်း၊ အေးမြင့်သာယာရပ်ကွက်တွင်လည်းကောင်း စက်ရေ တွင်းများတူးဖော်ပေးခြင်းနှင့် ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း။

ဖော်ပြပါလှူဒါန်းမှုများ၏ အကျိုးကျေးဇူးကို အောင်ပန်းမြို့ ရဟန်းသံဃာများနှင့် မြို့နေပြည်သူ လူထုတို့ခံစားရသည့်အတွက် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** နှင့်တကွ ကမ္ဘောဇ ဝန်ထမ်းမိသားစုတို့အား အောင်ပန်းမြို့မှ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများမှ အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနှင့် ရေအကျိုးဆယ်ပါးတို့အား အစဉ်ခံစားစံစားရပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ သာသနာ အကျိုးတို့အား ဆတက်တိုး၍ သယ်ပိုးချီးမြှောက် ထောက်ပံ့နိုင်ပါစေကြောင်း နှစ်ဦးအခါသမယတွင် ဆုမွန် ကောင်းတောင်းအပ်ပါသည်။

